# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ စနေနေ့၊ (8-3-2008) (၅၆၁၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်  မတ်  ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာ ဒီမီထရီ မက်ဗီဒက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**ယခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် မိမိတို့နိုင်ငံ၏ ပကတိအရှိတရားကိုအခြေခံပြီး ရေးဆွဲပြုစုထားဒီမိုကရေစီဟူသည် အရှိတရားကိုကျော်လွန်ပြီး ဇွတ်အတင်းအကောင်အထည်ဖော်မည်ဆိုလျှင် အကျိုးထက် အပြစ်ကပိုများမည် ယခုအခြေခံဥပဒေကို ခြုံပြီးလေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ယခင်အခြေခံဥပဒေများထက် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးများ ပိုမိုအပ်နှင်းထား**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ တွေ့ဆုံ

နေပြည်တော်  မတ်  ၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ကြေးမုံ သတင်းအညွှန်း

- ❒ သမ္မတလောင်း အိုဘားမား ဖေဖော်ဝါရီ မဲဆွယ်ပွဲ၌ ဒေါ်လာ ၅၅သန်းအထိ သုံးစွဲ၊ အီရတ်၌ ဗုံးနှစ်လုံးပေါက်ကွဲ၍ ၆၉ဦး သေဆုံး
- သတင်းအပါအဝင် နိုင်ငံတကာရေးရာ သတင်းများ (စာမျက်နှာ–၄၊၅)
- ❒ ပြည်တွင်းပြည်ပ အားကစားသတင်း ဆောင်းပါးများ (စာမျက်နှာ–၁၁)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

The Mirror

၈-၃-၂၀၀၈
(စနေနေ့)

# သဘာဝအခြေခံကောင်းများအား ပေါင်းစည်းဆက်စပ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ပေးနေသည်။ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိရာ လမ်းတံတားများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ အနေနီးသော်လည်း ခရီးဝေးခဲ့သည့်ဒေသများ အလွယ်တကူ ကူးသန်းဆက်သွယ် ခရီးပေါက် သွားလာနိုင်လျက်ရှိသည်။

တနင်္သာရီတိုင်းသည် ရေမြေသဘာဝ သယံဇာတပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ရာ သဘာဝအခြေခံကောင်းများကို အခြေခံပြီး တိုးချဲ့ဆောင်ရွက်နိုင်သည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တိုင်းဒေသတစ်ခွင်တစ်ပြင်လုံးတွင် ဧကသိန်းနှင့်ချီသော ဆီအုန်းစိုက်ခင်းကြီးများ၊ ရော်ဘာစိုက်ခင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်နေကြသည်။ ပုလဲ၊ ဓာတ်သတ္တု၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ အလားအလာ ကောင်းမွန်လျက်ရှိသည်ကို တွေ့နေရသည်။

တစ်ဖက်နိုင်ငံနှင့် ဆက်စပ်နေသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့၌ ပိုမိုတိုးတက် အကျိုးဖြစ်ထွန်းနိုင်သည်။ ထို့အပြင် ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်နှင့် ထားဝယ်လေယာဉ်ကွင်းများ၊ ကော့သောင်းနှင့် မြိတ်တို့ရှိ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သည့် အခြေအနေကောင်းများကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမို အထောက်အကူပြုလျက်ရှိသည်။

မြိတ်၊ ထားဝယ်၊ ကော့သောင်း ဒေသအပါအဝင် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်သည် ရေမြေသဘာဝသယံဇာတများ ပြည့်စုံသဖြင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းမွန်သည်။ နိုင်ငံတော်၏ ကဏ္ဍအလိုက် အားပေးပံ့ပိုး ဖြည့်ဆည်းပေးမှုများနှင့်အတူ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအားလုံးက သဘာဝသယံဇာတနှင့် အခြေခံကောင်းများကို ပေါင်းစည်း ဆက်စပ်ပြီး ဝိုင်းဝန်းအားထုတ် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ရေနံချောင်းမြို့ အမှတ်(၁) အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်း ဆောက်လုပ်သော ရွှေပါရမီ ကျောင်းဆောင်သစ်အတွက် ဦးသက်ထွေး-ဒေါ်ဖြူဖြူ၊ သမီး မေယမုံဦး၊ သက်တင်ဆက် မိသားစုက လှူဒါန်းငွေကျပ် တစ်သိန်းကို ကျောင်းဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန်ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သက္ကလ အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၇

သက္ကလ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၅၇ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို မတ် ၂၂ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင်စန်း ဖုန်း-၀၁-၂၄၇၈၈၆၊ ဦးမင်းအောင် ဖုန်း-၀၁-၂၄၇၁၉၈၊ ဦးစိုးဦး (ပဲခူး) ဖုန်း-၀၅၂-၂၃၃၇၉၊ ဦးခင်ကျော်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၂၅၊ ဒေါ်မြင့်မြင့်စိန် (ရန်ကုန်) ဖုန်း-၀၁-၆၆၇၁၈၃၊ ဦးကျော်လင်းထွန်း (ရွှေစင်ဦးရုပ်ရှင်) ဖုန်း-၀၉-၅၁၆၀၄၅၆၊ ၀၁-၂၄၉၆၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်နယ်နှင့်တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၇

**ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro-Credit Scheme လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ မတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro-Credit Scheme လုပ်ငန်းဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသောစိန်ခေါ်မှု (Challenges) နှစ်ခုစီတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ ညှိနှိုင်းသုံးသပ်ဆွေးနွေးကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။ထို့နောက် မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ပြန်လည်ကျင်းပရာ အုပ်စုတစ်ခုချင်းစီမှ အုပ်စုခေါင်းဆောင်များက အုပ်စုလိုက်ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ပူဇော်ကန်တော့

**အထက(၄) ပုဇွန်တောင် ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်က ကျောင်းဝင်းအလယ် ရင်ပြင်ကျယ်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။** (က-ပ)

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၇၁) သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် မဟာစည်အနောက် (ဟာမစ်တစ်မှတ်တိုင်)ရှိ တောင်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်နိုင်ကြပြီး လှူဒါန်းလိုသည့်ကျောင်းသား၊ကျောင်းသူဟောင်းများသည် ဦးညွန့်ရွှေ ဖုန်း-၀၁-၆၁၁၀၁၈၊ ဦးအောင်ကျော်မြ ဖုန်း-၀၁-၅၆၃၆၆၀၊ ၅၇၈၆၇၂၊ ဦးစောဟားရေ ဖုန်း-၀၁-၆၄၀၁၄၃၊ ဦးမောင်ကြယ် ဖုန်း-၀၁-၅၅၃၁၀၂၊ ဦးစောဒါလင် ဖုန်း-၀၉၉ ၉၂၇၆၉၂ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**အမက(၂၂)တာမွေ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းကစားကွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အောင်သီရိခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မောင်ဘုန်းမင်းသန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်စဉ်။** (ပညာရေး)

## ပြည်လုံးချမ်းသာ ရွှေစေတီဌာပနာမည်

ရန်ကုန် မတ် ၇

မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး ကိုယ်ပွားတော်-ပြည်လုံးချမ်းသာ ရွှေစေတီတော်မြတ် ဌာပနာရုပ်ပွားတော် ၆၇၂ ဆူ၊ သတ္တဌာနရုပ်ပွားတော်များ၊ ဓာတ်တော်မွေတော်များနှင့် ရွှေစင်ရွှေပြား ကျောက်သံပတ္တမြားများ ဖြည့်စွက်ထားသည့် ပြည်တော်ဝင်အိုးစသည့် အလှူတော်အပေါင်းတို့အား ၁၃၆၉ ခု တပေါင်းလပြည့် (သောကြာနေ့) မတ် ၂၁ ရက်တွင် ပူဇော်ဌာပနာမည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ ကိုယ်တိုင်ကြွရောက်ပူဇော်နိုင်ကြောင်း သတင်းရရှိသည်။ (၁၇၀)

ပဲခူးတိုင်း(အနောက်ပိုင်း) (ဆဌမအကြိမ်) တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားစဉ်။ (သတင်းစဉ်)

# (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

# ပဲခူးတိုင်း(အနောက်ပိုင်း) (ဆဌမအကြိမ်) တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၇**

ပဲခူးတိုင်း(အနောက်ပိုင်း) (ဆဌမအကြိမ်) တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည် စုံညီအစည်းအဝေးကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ပြည်မြို့ ဝေပုလ္လာရာမ ကျောင်းတိုက်အတွင်းရှိ စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ တိုင်းသံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ ဘီးလင်းရွာ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဒုမကလည်းကောင်း၊ သဘာပတိ ဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လကလည်းကောင်း ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။ ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ တေဇိန္ဒက ဝိနိစ္ဆယရေးရာကဏ္ဍကို လည်းကောင်း၊ အဖွဲ့ဝင် ဘဒ္ဒန္တ ကုမာရ၊ ဘဒ္ဒန္တ ကဝိဓဇနှင့် ဘဒ္ဒန္တ စန္ဒိမာတို့က သာသနာရေးရာဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပညာရေးကဏ္ဍကို တိုင်း သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ သီဟကလည်းကောင်း ဖတ်ကြားလျှောက်ထားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ ရွှေဂူကုန်းကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသည့် ဉာဏ်တော် အမြင့် ပေ ၇၅၀ ရှိ ရွှေတိဂုံစေတီတော်ပုံတူ စေတီတော်အရံစေတီ တစ်ဆူနှင့် တံခွန်တိုင်အတွက် အလှူငွေကျပ် ၁၅ သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒမာလာထံ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာကုန်းလမ်းနေ တရားရုံးချုပ်ရှေ့နေ (နိုင်ငံတော်ပဗ္ဗလစ်)ဦးလှကြည် မိသားစုက လှူဒါန်းစဉ်။ (၅၄၁)

# ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

**ရန်ကုန် မတ် ၇**

ဇီးကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကုန်သွယ်၊ လယ်ယာ ဓမ္မာရုံ၊ ရွှေတိဂုံစေတီတော် အရှေ့မုခ်ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသားများအားလုံးနှင့် မြို့သူ၊ မြို့သားများ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အသက် (၈၀)နှင့်အထက် အသင်းဝင်အဘိုး၊ အဘွားစာရင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသောအသင်းဝင်မိသားစုများ၏ သား၊ သမီးများ အမည်၊ အမှတ်စာရင်း၊ ထောက်ခံစာများ တစ်ပါတည်းယူဆောင်၍ မတ် ၁၆ ရက် နောက်ဆုံးထားပြီး ဦးအုန်းကျော် ဖုန်း-၀၉၅၁ ၇၁၆၂၂၊ ၅၇၃၀၂၁၊ ဦးသန်းအောင် ဖုန်း-၀၉၅၁ ၁၂၅၃၃၊၅၀၇၃၁၁၊ ဦးထွန်းအောင် ဖုန်း-၀၉၅၁ ၇၄၅၅၀၊ ၅၀၁၅၃၆၊ ဦးကျော်ဝင်းဖုန်း-၂၀၂၀၆၁၊ ၂၀၂၉၉၁၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၇၂၅၉၈၃နှင့် ဒေါ်သန်းအိ ဖုန်း-၅၀၀၄၄၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သီလရှင်ဝတ်စုံများလှူဒါန်းပွဲ တက်ရောက်ကြည်ညို

**နေပြည်တော် မတ် ၇**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး ၁၂၀ တို့အတွက် သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး၊ အလှူရှင်များနှင့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း မိသားစုတို့က သီလရှင်ဝတ်စုံများကို ရွှေမြိုင်သီရိစာသင်တိုက်မှ ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ကုန္ဒာစာရီထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သီလရှင်ဆရာကြီး ဆရာလေးများက မဟာသမယသုတ်ကို ရွတ်ပွားသရဇ္ဈာယ်ကြကာ သီလရှင်ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ကုန္ဒာစာရီထံမှရေစက်ချတရားနာယူပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သီလရှင်ဆရာကြီး ဆရာလေးများအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၁၀၉)ကြိမ်မြောက် သွေးလှူ

**ရန်ကုန် မတ် ၇**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုဓမ္မမဏိဇောတဓရ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) **(အပေါ်ပုံ)** စာပေဆုများနှင့်လူမှုထူးချွန်(တတိယ/ ပထမဆင့်) ဆုရှင်သည်အမှတ်(၂)တပ်မတော်ဆေးရုံ ကြီးတွင် မတ် ၅ ရက်က (၁၀၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

# ကျိုက်ဝိုင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်မှုအထိမ်းအမှတ် ရေစက်ချပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် မတ် ၇**

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်မှုအထိမ်းအမှတ် ရေစက်ချပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မတ် ၆ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါ စေတီတော် ရင်ပြင်တော်ရှိ ဘုရားသုံးဆူ တန်ဆောင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်ဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တ အာစရထံမှ စေတီတော်အလှည့်ကျဂေါပက ဦးအေးကို အမှူးပြုသည့် ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ အာစရက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ အမှူးပြုသည့် ပင့်သံဃာအပါး ၂၀၀ တို့အား လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြပြီး စာရေးတံမဲများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းတွင်းစားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းက အဆင့်မြင့်ဆုရရှိသော အထက(၁) ဒဂုံကျောင်းအား ဆုချီးမြှင့်စဉ်။ (၅၄၂)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၈-၃-၂၀၀၈ (စနေနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၅ | ၄။ | ကျန်းမာသုတ |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-နဂါးလမ်း(ဒုတိယပိုင်း) (ကျော်ရဲအောင်၊ နေတိုး၊ မိုမိုမြင့်အောင်၊ ခိုင်သင်းကြည်) ဒါရိုက်တာ-မောင်တင်ဦး** |
| ၁:၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၁:၅၅ | ၇။ | အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ | ပြီးပါပြီ။ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄:၁၅ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၅၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၁။ | အံ့ဩဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၇၉)** |
| ၈:၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | လူရွှင်တော်ရွှေဖလား |
| | ၁၈။ | English Usage |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိန်းငှက်သူရဲကောင်း(ဒုတွဲ) (အပိုင်း-၃၉)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# မီးသတိပြု

# အိုအိုင်စီညီလာခံ မူရှာရက်ဖ် မတက်ရောက်နိုင်

**အစ္စလမ္မာဘတ် မတ် ၆**

ပါကစ္စတန်နိုင်ငံ သမ္မတ ပါဗက် မူရှာရက်ဖ်သည် ဆီနီဂေါနိုင်ငံ၌ ယခုလ အတွင်း ကျင်းပမည့် ၁၁ ကြိမ်မြောက် အစ္စလာမ်နိုင်ငံများအဖွဲ့ (အိုအိုင်စီ) ညီလာခံသို့ တက်ရောက်မည် မဟုတ်ကြောင်း ပြည်တွင်းသတင်းဌာနများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။ ပါကစ္စတန် အိမ်စောင့်နိုင်ငံခြားရေးဝန်ကြီး အီအန်အူလ်ဟတ်က ပါကစ္စတန်နိုင်ငံကိုယ်စား အဆိုပါ ညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း၊ မူရှာရက်ဖ်သည် ပြည်တွင်းနိုင်ငံရေး အခြေအနေကြောင့် တက်ရောက်မည် မဟုတ်ကြောင်း ဂျီအီးအိုရုပ်မြင်သံကြားလိုင်းမှ ပြောကြားသွားသည်။

အိုအိုင်စီညီလာခံသည် ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် မတ် ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ နယူးယောက်မြို့လယ် လူစည်ကားရာ နေရာ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လမ်းပိတ်၍ စစ်ဆေးမှုများ ပြုလုပ်နေသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အဓမ္မကျူးလွန်သူကန် မရိမ်းတပ်ဖွဲ့ဝင်လေးဦး စစ်ခုံရုံးတင်မည်

**တိုကျို မတ် ၇**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ အနောက်ပိုင်းတွင် ယမန်နှစ်က ဂျပန်မိန်းမပျိုတစ်ဦးအား အဓမ္မကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော အမေရိကန်မရိမ်းစစ်သားလေးဦးကို အမေရိကန်စစ်တပ်က စစ်ခုံရုံးတင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားသည်။

အိုကီနာဝါကျွန်းတောင်ပိုင်းတွင် ၁၄နှစ်အရွယ် ဂျပန်အမျိုးသမီး တစ်ဦးကို အမေရိကန်မရိမ်းတပ်ဖွဲ့ဝင်တစ်ဦးက အဓမ္မကျူးလွန်ခြင်းအပေါ် ဂျပန်နိုင်ငံတွင် မခံမရပ်နိုင်မှုများ ပေါ်ပေါက်လာပြီး ယခုကဲ့သို့ ခုံရုံးတင်စစ်ဆေးသည့် ကိစ္စဖြစ်လာခြင်းဖြစ်သည်။

အဆိုပါ အဓမ္မအမှုတွင် အစွပ်စွဲခံရသော မရိမ်းတပ်သားလေးဦးအနက် နှစ်ဦးသည် စစ်ခုံရုံးတစ်ခု၌ ဧပြီလနှောင်းပိုင်းနှင့်မေလအစောပိုင်းတွင် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အိုင်ဝါကူနီမရိမ်းတပ်ဖွဲ့ လေကြောင်းဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကျန်နှစ်ဦးကိုမူ ရက်မသတ်မှတ်ရသေးကြောင်း သိရသည်။ အဆိုပါ မရိမ်းတပ်သားလေးဦးသည် ၁၉နှစ်ရှိ ဂျပန်မိန်းမပျိုကို အဓမ္မပြုစော်ကားခဲ့ကြောင်း သတင်းဌာနများက လွန်ခဲ့သော အောက်တိုဘာလတွင် ဖော်ပြခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဗီမ်ခံယာဉ် မဟုတ်သည့်ယာဉ်များ တင်သွင်းမှု ဘင်္ဂလားဒေ့ရှ်၌ အကောက်ခွန် လျော့ချဖွယ်ရှိ

**ဒါကာ မတ် ၆**

ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဗီမ်ခံယာဉ်များ မဟုတ်သည့် မော်တော်ယာဉ်များ တင်သွင်းမှုပမာဏသည် ယခုလက်ရှိ ဘဏ္ဍာနှစ်(၂၀၀၇ ဇူလိုင်မှ ၂၀၀၈ ဇွန်) နှစ်ဝက်ကာလတွင် သိသာစွာလျော့နည်းလျက်ရှိရာ ဘင်္ဂလားဒေ့ရှ် အစိုးရက ထပ်ဆောင်းအခွန် (အက်စ်ဒီ)ကို ၆၀ ရာခိုင်နှုန်းအထိ လျော့ပစ်ဖွယ်ရှိကြောင်း တရားဝင်သတင်းရပ်ကွက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် အစိုးရက ဗီမ်ခံယာဉ် မဟုတ်သည့် ယာဉ်များအပေါ် ၆၀ ရာခိုင်နှုန်းအထိအခွန်စည်းကြပ်ခဲ့ကြောင်း၊ မော်တော်ယာဉ်အများစုသည် စီးပွားရေး အရောင်းအဝယ်လုပ်ငန်းတွင် အသုံးပြုရန် ဖြစ်သည်ဟု ဖိုင်နင်ရှယ်အိပ်စ်ပရက်စ် နေ့စဉ်အင်္ဂလိပ်သတင်းစာက ရေးသားသည်။

သူနာပြု ယာဉ်အဖြစ် သုံးနေသည့် ယာဉ်များ၊ ပြည်ပပို့ကုန်တင်ယာဉ်နှင့် အငှားယာဉ်များ စသည့်ယာဉ်များ ဝယ်ယူတင်သွင်းမှု ပမာဏသည် ယခင်ဘဏ္ဍာနှစ်ဖြင့်နှိုင်းယှဉ်ပါက ယခုဘဏ္ဍာနှစ်တွင် သိသာစွာ ကျဆင်းခဲ့သည်ဟု မော်တော်ယာဉ်လုပ်ငန်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပီရူး၌ ယာဉ်တိမ်းမှောက်မှုဖြစ် ၁၉ ဦးသေဆုံး

**လီမာ မတ် ၆**

ပီရူးနိုင်ငံတောင်ပိုင်း အရာကူချီအင်ဒီယန်ဒေသရှိ အဝေးပြေးလမ်းတွင် ယာဉ်မတော်တဆ ဖြစ်ပွားမှုကြောင့် အနည်းဆုံး လူ ၁၉ဦး သေဆုံးပြီး ၄၈ဦး ဒဏ်ရာရရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

လီမာမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာရှိ မူကျူရီအို-အဘန်ကေလမ်းပေါ်တွင် မတ် ၄ ရက်ညပိုင်းက ပြည်နယ်အတွင်း ပြေးဆွဲနေသည့် ဘတ်စ်ကားတစ်စီးသည် ခရီးသည်နှင့်ကုန်ပစ္စည်းများတင်ဆောင်လာပြီး အရှိန်လွန်ကာ တိမ်းမှောက်ခဲ့သည်။ ယင်းမတော်တဆဖြစ်ပွားချိန်၌ မိုးသည်းထန်စွာရွာသွန်းနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဘီစီ ၁၅၀၀ခန့်က ရှေးဟောင်းပစ္စည်းများ မက္ကဆီကိုလယ်သမားများ တူးဖော်ရရှိ

**မက္ကဆီကိုစီးတီး မတ် ၆**

မက္ကဆီကိုစီးတီး အရှေ့တောင်ပိုင်း တီလာဟာ့ခရိုင်မှ လယ်သမားများသည် ဘီစီ ၁၅၀၀ခန့်က ရှေးဟောင်းပစ္စည်း အပိုင်းအစ အရေအတွက် အများအပြားကို တူးဖော်ရရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြည်တွင်း မီဒီယာက ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံ ရှေးဟောင်းသုတေသန ပညာရှင်က ရှာဖွေတွေ့ရှိသည့် ပစ္စည်းများတွင် အေဒီ ၂၀၀နှင့် အေဒီ ၈၀၀ကာလ၌ထုတ်လုပ်သည့် သေးငယ်သော ရှေးဟောင်းပစ္စည်း အပိုင်းအစများလည်း ပါဝင်သည်ဟုဆိုသည်။

တီလာဟာ့ခရိုင်ရှိ တီလာတန်ကိုဟုခေါ်သည့် ရှေးမြို့ဟောင်းနေရာတွင် အိုးများ၊ အော့ဆီဒီယန် ဓားငယ်များနှင့် အခြားအပိုင်းအစများ အပါအဝင် ရှေးဟောင်းပစ္စည်းမျိုးစုံကို တွေ့ရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဗြိတိန်ဆယ်ကျော်သက်များ လူသတ်မှုဖြင့် ထောင်ဒဏ်ရင်ဆိုင်ရဖွယ်ရှိ

**လန်ဒန် မတ် ၆**

ချော့ကလက် အကြွင်းအကျန်ကို ကားအတွင်းသို့ လွှင့်ပစ်သူ ဆယ်ကျော်သက်ရွယ်လူငယ်နှစ်ဦးနှင့်လူတစ်ယောက်တို့ စကားများရန်ဖြစ်ရာမှ အဆိုပါ လူတစ်ဦး သေဆုံးရသည့်အတွက် ထိုလူငယ်နှစ်ဦး ထောင်ဒဏ်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။

ဖြစ်ပွားပုံမှာ လွန်ခဲ့သည့်နှစ်က လန်ဒန်မြို့တောင်ဘက် ကရိုင်စတယ်ပလေ့စ်တွင် ကားအတွင်းသို့ လူငယ်နှစ်ဦးက စားသောက်စရာများ လွှင့်ပစ်ခဲ့ရာ စကားများရန်ဖြစ်ကာ ကားပေါ်မှ အီဗရင်အင်နယ် (၂၃)နှစ်ဆိုသူသည် ဦးခေါင်းတွင် ဒဏ်ရာ ပြင်းထန်စွာရရှိပြီး သေဆုံးခဲ့သည်။

သေဆုံးသူသည် ကွန်ပျူတာသိပ္ပံဘွဲ့ရတစ်ဦးဖြစ်ပြီး ဆေးရုံတွင် ရှစ်ရက်ကြာကုသပြီးနောက် သေဆုံးသွားသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ လန်ဒန်မြို့မြောက်ပိုင်း တော့တင်ဟမ်ဒေသမှ ၁၇ နှစ်အရွယ်ရှိ လူငယ် တစ်ဦးမှာ လူသတ်မှုအတွက် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ပါကစ္စတန် ပီပီပီပါတီ ဝန်ကြီးချုပ်ရွေးချယ်ရေးနှောင့်နှေး

**အစ္စလာမ္မာဘတ် မတ် ၇**

ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) သည် ဝန်ကြီးချုပ် အသစ်ရွေးချယ်ရန် နှစ်ရက်ကြန့်ကြာလိမ့်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင်ပါတီခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၈ရက် ရွေးကောက်ပွဲတွင် ပီပီပီပါတီအနိုင်ရရှိပြီးနောက် ဝန်ကြီးချုပ်အဖြစ် လျာထားရန် ကျင်းပသော အထူးဆွေးနွေးပွဲအပြီးတွင် ပါလီမန်အမတ်အဖြစ် အရွေးခံထားရသော ပါတီခေါင်းဆောင် နာဘယ်ဂါဘူးက နောက်နှစ်ရက်အတွင်း ဝန်ကြီးချုပ်ရွေးချယ်ခြင်းကို အပြီးသတ်ဆုံးဖြတ်ချက်ချမည်ဟု သတင်းထောက်များကို ပြောကြားသည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ယခုအချိန်ထိ ခေါင်းဆောင်အသစ် ရွေးချယ်ရန် အမျိုးသားလွှတ်တော်ကို မခေါ်သေးသည့်အတွက် ပီပီပီပါတီက ဝန်ကြီးချုပ်လောင်း ရွေးချယ်ရေးနှောင့်နှေးနေရသည်ဟု ဂါဘူးက ဆက်လက်ပြောကြားသည်။

သမ္မတအနေဖြင့် အမျိုးသားလွှတ်တော်ခေါ်ယူရေးကို ကြန့်ကြာနေမည်ဆိုလျှင် ဝန်ကြီးချုပ်အဖြစ် အမည်တင်သွင်းရေးမှာလည်း ပိုမိုကြန့်ကြာမှာဖြစ်ကြောင်း ၎င်းပီပီပီပါတီခေါင်းဆောင်က ပြောသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးတို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံတစ်ခုကို မတ် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ပါလက်စတိုင်း ၂၇ ဦးအား အစ္စရေးတပ်ဖွဲ့က ဖမ်းဆီး

**ရာမာလာ မတ် ၆**

အစ္စရေးတပ်ဖွဲ့များသည် ပါလက်စတိုင်း ၂၇ဦးကို အနောက်ဘက်ကမ်းတွင် ဗုဒ္ဓဟူးနေ့ညတွင် ဖမ်းဆီးသွားကြောင်း ပါလက်စတိုင်း လုံခြုံရေး သတင်းဌာနများက ပြောကြားသည်။ ပါလက်စတိုင်း ၁၁ ဦးကို ဂျီနင်တွင်လည်းကောင်း၊ ခုနစ်ဦးကို ကွာကီယာတွင် လည်းကောင်း၊ လေးဦးကို နက်လပ်တွင်လည်းကောင်း၊ ငါးဦးကို ရာမာလာမြို့တွင်လည်းကောင်း ဖမ်းဆီးခဲ့ကြောင်း အဆိုပါ သတင်းဌာနများကပြောသည်။ အစ္စရေးကြည်းတပ်သားများသည် ကွာကီယာတွင်အကြောင်းပြချက်မရှိဘဲ တပ်စွဲထားကြောင်း ထပ်မံပြောကြားသည်။ သိမ်းပိုက်ထားသောအနောက်ဘက်ကမ်းဒေသကို အစ္စရေးတို့ ဝင်ရောက်သည့်အခါ ၎င်းတို့အလိုရှိသောပါလက်စတိုင်းများကိုစစ်ဆေးမေးမြန်းရန် အကြောင်းပြ၍ဖမ်းဆီးသည်။ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် ကြိုးစားနေစဉ်မှာအစ္စရေးတို့၏ဖမ်းဆီးမှုသည်လျော့ပါးခြင်းမရှိကြောင်း တွေ့ရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်သူ အိုဘားမား ဖေဖော်ဝါရီလအတွင်း မဲဆွယ်ပွဲအတွက် ဒေါ်လာ ၅၅ သန်းအထိ သုံးစွဲ

ချီကာဂို မတ် ၇

**ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတလောင်း ဘာရက်အိုဘားမားသည် မဲဆွယ်ရေးအတွက် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၅၅ သန်းအထိရှိခဲ့ရာ တစ်လတာအတွင်း သမ္မတလောင်း ရွေးချယ်ရေးအတွက် မဲဆွယ်ရာတွင် အများဆုံး အသုံးပြုမည့် ငွေဖြစ်ကြောင်း မဲဆွယ်ရေးတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။**

ယင်းငွေပမာဏသည် အီလီနွိုက် အထက်လွှတ်တော်အမတ်က ဇန်နဝါရီလအတွင်း မဲဆွယ်ပွဲတွင် အသုံးပြုခဲ့သည့် ဒေါ်လာ ၃၆ သန်းထက် ပိုမိုနေပြီး ပြိုင်ဘက် ဟီလာရီကလင်တန်က ဖေဖော်ဝါရီလအတွင်း မဲဆွယ်ပွဲတွင်သုံးခဲ့သည့် ဒေါ်လာ ၃၅ သန်းထက်လည်း ပိုမိုများပြားနေသည်။

ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအား ယှဉ်ပြိုင်ပြီး ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဖြစ်လာရန် ကြိုးပမ်းနေကြသည့် အိုဘားမားနှင့် ကလင်တန်တို့သည် မဲဆွယ်ရာတွင် ငွေကြေးအများအပြား အသုံးပြု၍ အရှိန်မြှင့်ယှဉ်ပြိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ကလင်တန်က ဖေဖော်ဝါရီလအတွင်း အိုဘားမား၏ မဲအရေအတွက်လောက် မရရှိခဲ့သေးပေ။ ၎င်းက ဇန်နဝါရီလအတွင်းတွင် မဲဆွယ်ရေးအတွက် ဒေါ်လာ ၁၄ သန်း အသုံးပြုခဲ့ပြီးနောက် အရှိန်မြှင့်ကာ ငွေကြေးသုံးစွဲလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကြေးမုံ The Mirror နိုင်ငံတကာရေးရာ သတင်းများ

## ထိုင်းနိုင်ငံတွင် ပထမဆုံးကြားနာစစ်ဆေးအပြီး အင်္ဂလန်သို့ပြန်သွားမည်ဟု ထိုင်း ဝန်ကြီးချုပ်ဟောင်း သက်ဆင်ပြောကြား

ဗန်ကောက် မတ် ၇

**ရာထူးမှဖယ်ရှားခံရသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်က ၎င်း၏အမှုအတွက် ပထမဆုံးကြားနာမှု မတ် ၁၂ ရက်ပြီးစီးပြီး မကြာမီကာလအတွင်း အင်္ဂလန်သို့ပြန်သွားရန် တရားရုံးချုပ်မှ ခွင့်ပြုချက်ရရှိရေး တောင်းဆိုသွားမည်ဟု ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။**

မန်ချက်စတာစီးတီး ဘောလုံးအသင်း၏ စီးပွားရေးလုပ်ငန်းများအတွက် အင်္ဂလန်သို့သွားရန်ရှိကြောင်း၊ ရုံးတော်တွင် ပထမကြားနာမှုပြီးသည့်နောက်တစ်နေ့ဖြစ်သည့် မတ် ၁၃ ရက်တွင် အင်္ဂလန်သို့ သွားမည်ဖြစ်ကြောင်း သက်ဆင်၏ ပြောကြားချက်ကို ကိုးကား၍ ဗန်ကောက်ပို့စ် သတင်းစာက ရေးသားဖော်ပြသည်။

ထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြန်လည်ရောက်ရှိပြီးနောက် ၎င်းအား စွဲဆိုထားသည့် လာဘ်ပေးလာဘ်ယူမှုကို ရင်ဆိုင်ရန်အတွက် အချိန်ယူခဲ့ရသဖြင့် အခြားမည်သည့်နေရာမှ သွားရောက်ရန် အချိန်များများစားစားမရှိဟု သက်ဆင်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အစ္စရေးနှင့် ပါလက်စတိုင်း အပစ်အခတ် ရပ်စဲရေး အီဂျစ်၌ ဆွေးနွေး

ဂါဇာ မတ် ၇

အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား အပစ်အခတ် ရပ်စဲရေးအတွက် အီဂျစ်နိုင်ငံက ဟားမတ်စ်၊ အစ္စလာမ်မစ်ဂျီဟတ်အဖွဲ့တို့နှင့် ကြာသပတေးနေ့တွင် စတင်ဆွေးနွေးကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုဆွေးနွေးပွဲကို ဂါဇာကမ်းမြောင်ဒေသ တောင်ဘက်ရှိ အီဂျစ်နိုင်ငံ အယ်လ်အာရစ်တွင် ကျင်းပသည်။ အစ္စရေး စစ်တပ်က ဂါဇာကမ်းမြောင်ဒေသကို ငါးရက်ကြာထိုးစစ်ဆင်နွှဲပြီး သုံးရက်အကြာတွင် ဆွေးနွေးပွဲကို စတင်ခဲ့သည်။ အစ္စရေးတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၂၀ ကျော် သေဆုံးပြီး ထက်ဝက်ခန့်မှာအရပ်သားများဖြစ်သည်ဟု ကျန်းမာရေးဝန်ထမ်းများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**ဗင်နီဇွဲလားနှင့် ကိုလံဘီယာ နယ်စပ်တွင် လုံခြုံရေးဆောင်ရွက်နေသော ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များကို မတ် ၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ကင်ညာ၌ဆူပူမှုဖြစ်ပွား၊ ရဲကမျက်ရည်ယိုဗုံးသုံး၍ လူစုခွဲရ

နိုင်ရိုဘီ မတ် ၇

မကြာသေးမီက ဖြစ်ပွားသော ဆူပူမှုတွင် ဖမ်းဆီးခံထားရသူ မန်ဂီကီအဖွဲ့ခေါင်းဆောင်ကို ပြန်လွှတ်ပေးရန် အုပ်စုဖွဲ့၍ တောင်းဆိုနေသူ လူငယ်ရာပေါင်းများစွာတို့အား လူစုခွဲရန် ကင်ညာ ရဲတပ်ဖွဲ့ဝင်များက မတ် ၅ ရက်တွင် မျက်ရည်ယိုဗုံးကို သုံးစွဲခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။

အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ကိရိယာများ တပ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များက နိုင်ရိုဘီမြို့လယ်ပိုင်းတွင် ဆူပူသူများကို လိုက်လံဖမ်းဆီးခဲ့ရသည်။

### အိုးမဲ့အိမ်မဲ့ဖြစ်

လွန်ခဲ့သော လပိုင်းအတွင်းက ပေါ်ပေါက်ခဲ့သော ပဋိပက္ခပြဿနာများကြောင့် ပြည်သူ ၁၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၃၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

တရားမဝင်သေနတ်ကိုင်ဆောင်သည့် ပြစ်မှုဖြင့် မန်ဂီကီ အဖွဲ့ခေါင်းဆောင် ဂျွန်မာနာနဂျင်ဂါဆိုသူ အဖမ်းခံခဲ့ရပြီး ထောင်ဒဏ်ငါးနှစ် ချမှတ်ခံခဲ့ရသည်။ ၎င်းအား ပြန်လွှတ်ပေးရန် ဂိုဏ်းဝင်လူငယ်များက တောင်းဆိုကြခြင်းဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## ပါကစ္စတန် ခေါင်းဆောင်အချင်းချင်း စုစည်းညီညွတ်ကြရန် ပါကစ္စတန် စစ်တပ်အကြီးအကဲ တိုက်တွန်း

အစ္စလမ္မာဘတ် မတ် ၇

**သမ္မတ မူရှာရက်ဖ်အား ဆန့်ကျင်နေကြသည့် ပါကစ္စတန် ညွန့်ပေါင်းပါတီတို့က မူရှာရက်ဖ်အား ရာထူးမှ အဓမ္မဖယ်ရှားစေမည့် ညွန့်ပေါင်းအစိုးရတစ်ရပ် ဖွဲ့စည်းရန် စိုင်းပြင်းနေလျက်ရှိစဉ် ပါကစ္စတန်စစ်တပ် အကြီးအကဲဖြစ်သူက စုစည်းညီညွတ်မှုရှိရန် ကြာသပတေးနေ့က တိုက်တွန်းပြောကြားလိုက်သည်။**

ပါကစ္စတန် ပြည်သူလူထုအများစုက အမေရိကန်၏ မိတ်ဆွေဖြစ်သည့် မူရှာရက်ဖ်အား ရာထူးမှ ဆင်းပေးရန် လိုလားကြသည်ဟု မကြာမီက ကောက်ယူခဲ့သည့် လူထုစစ်တမ်းများအရ သိရှိရသည်။

မူရှာရက်ဖ်၏ မိတ်ဆွေပါတီများ လွန်ခဲ့သည့်လ၌ ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့မှုကြောင့် အမျိုးသားလွှတ်တော်အတွင်း မူရှာရက်ဖ်အား ရာထူးမှ ဖယ်ရှားနိုင်သည့် အလားအလာ ပိုမိုလာလျက်ရှိသည်။

မူရှာရက်ဖ်သည် နိဝင်ဘာလတွင် အရပ်သား ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီး အက်ရှ်ဖက်ကေယာနီသည် စစ်တပ်အကြီးအကဲ တစ်ဦးဖြစ်လာသည်။

နိုင်ငံ၏ အဓိကကျသည့် ပါတီများ အနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအရ အချင်းချင်းညီညွတ်စွာ ဆက်ဆံကြရန် ၎င်းက အကောင်းဘက်မှ ရှုမြင်၍ ထုတ်ဖော်ပြောကြားခဲ့သည်။ ဂိုဏ်းဂဏကွဲမှုကြောင့် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုမရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

***အမ်အင်အေ၊ ရိုက်တာ။***

## အမေရိကန်ရေတပ်သားဟောင်း အကြမ်းဖက်မှုဖြင့် တရားစွဲခံရ

ဘော်စတွန် မတ် ၇

အရှေ့အလယ်ပိုင်းဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်ရေတပ်သားတစ်ဦးကို အကြမ်းဖက် သမားများအတွက် သူလျှိုလုပ်ပေးမှု၊ ပစ္စည်းများထောက်ပံ့မှုတို့ဖြင့် ကွန်နက်တီကတ်ပြည်နယ်တွင် စွဲချက် တင်လိုက်ပြီဖြစ်သည်။

ပေါ်ဟောလ်ဟုခေါ်သော ဟတ်ဆန်အဘူဂျီဟတ် (၃၂)နှစ်သည် အမေရိကန်ပြည်သူများကို သတ်ရန် ပူးပေါင်းကြံစည်မှုတွင် အသုံးပြုမည်ကို သိလျက် အစ်ဇုန် ဖြန့်ချိရေးခေါ်သော လန်ဒန်အခြေစိုက်ဖြန့်ချိရေးတစ်ခုသို့ လျှို့ဝှက်သတင်းများပေးပို့ခဲ့သည်ဟု ကွန်နက်တီကတ်တရားရုံးက စွဲချက်တင်သည်။

၎င်းကို အရီဇိုးနားပြည်နယ် ဖိုးနစ်တွင် ၂၀၀၇ ခုနှစ် မတ် ၇ ရက်က ဖမ်းမိခဲ့ပြီး လာမည့် မေ ၂၃ ရက်တွင် စီရင်ချက်ချမှာဖြစ်ကြောင်း၊ အများဆုံးထောင်ဒဏ်၂၅နှစ်ကျမှာဖြစ်ကြောင်း ကွန်နက်တီကတ်ပြည်နယ် နယူးဟေးဗင်းရှိ ရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်ကာဆွန်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ဘဂ္ဂဒက်၌ ဗုံးနှစ်လုံးပေါက် သေဆုံးသူ ၆၉ဦးအထိရှိ

ဘဂ္ဂဒက် မတ် ၇

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ယမန်နေ့က ဗုံးနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားပြီး စုစုပေါင်း ၅၃ ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိသွားကြောင်း ကနဦးသတင်းများ၌ ဖော်ပြခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ ယနေ့ထုတ်ပြန်သော သတင်းအရ သေဆုံးသူ အရေအတွက်မှာ စုစုပေါင်း ၆၉ ဦးအထိ ရှိကြောင်း စီအင်န်အင်န် သတင်းအရ သိရှိရသည်။** *စီအင်န်အင်န်။*

## ဆူဒန်တွင် ပျောက်ဆုံးနေသော ပြင်သစ်စစ်သားအလောင်းတွေ့ရှိ

ခါတွန် မတ် ၇

ဆူဒန်နိုင်ငံ အနောက်ဒါဖာဒေသတွင် တနင်္လာနေ့က ဆူဒန်တပ်ဖွဲ့များနှင့် ပဋိပက္ခဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသော ပြင်သစ်စစ်သားတစ်ဦး၏ ရုပ်အလောင်းကို ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့ (အက်စ်အေအက်ဖ်)များက တွေ့ရှိကြောင်း ဆူနာသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဆူနာသတင်းအရ ချဒ်နိုင်ငံအနီး အဗူဂျာရာဒီးလ်နယ်မြေတွင် ပြင်သစ်စစ်သားအလောင်းကို တွေ့ရှိရကြောင်းသိရသည်။ ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆူဒန်တပ်ဖွဲ့များသည် နိုင်ငံခြားတပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ခဲ့ကြောင်း၊ ထိုနိုင်ငံခြားတပ်ဖွဲ့များက ချဒ်နယ်စပ်မှ ဆူဒန်အနောက်ပိုင်းသို့ နှစ်ကြိမ်ပစ်ခတ်ခဲ့ရာ အရပ်သားတစ်ဦးသေဆုံးကြောင်း အင်္ဂါနေ့က ကြေညာသွားသည်။ ချဒ်နိုင်ငံအတွင်းမှ ဥရောပငြိမ်းချမ်းရေးတပ်ဖွဲ့က တနင်္လာနေ့တွင် ဆူဒန်နိုင်ငံအတွင်းသို့ မတော်တဆ ပစ်ခတ်မိပြီး စစ်သားတစ်ဦးပျောက်ဆုံးနေကြောင်း သတင်းထုတ်ပြန်သည်။ ပြင်သစ်နှင့် ဥရောပနိုင်ငံများက နယ်စပ်ဒေသပစ်ခတ်မှုအတွက် ဆူဒန်နိုင်ငံသို့ တောင်းပန်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျာမနီနိုင်ငံ ဘာလင်မြို့ တိရစ္ဆာန်ရုံရှိ ဝင်ရိုးစွန်း ဝက်ဝံဖြူ သားအမိကို မတ် ၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-င်တာနက်)*

## အမျိုးသမီးလူနာလေးဦးအား ဆီးချိုဆေးအလွန်အကျွံပေးမှုကြောင့် သေဆုံးရမှု ဆေးပေးသူ သူနာပြု ထောင်ဒဏ်အပြစ်ပေးခံရ

လန်ဒန် မတ် ၆

ကောလင်းနောရစ်အမည်ရှိ သူနာပြုတစ်ဦးက သက်ကြီးရွယ်အို လူနာလေးဦးအား ဆီးချိုဆေးဝါးဖြစ်သည့် အင်ဆူလင် အလွန်အကျွံပေးခဲ့မှုကြောင့် ၎င်းလူနာများသေဆုံးခဲ့ရသည်။ လူနာများ သေစေလောက်သည့် အတိုင်းအတာအထိ ဆေးပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ကောလင်းနောရစ်သည် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံရသည်။

အသက် (၃၂)နှစ်ရှိ နောရစ်သည် ဂလပ်စဂိုတွင်နေထိုင်ပြီး အနည်းဆုံးအားဖြင့် ထောင်ဒဏ်အနှစ် ၃၀ အထိ ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

လိစ်ဒေသရှိဆေးရုံနှစ်ခုတွင် ၂၀၀၂ ခုနှစ်က အမျိုးသမီး လူနာလေးဦးအား အထက်ပါ ဆေးဝါးများ ပေးခဲ့ခြင်းဖြစ်သည်။

၎င်းသည် အမျိုးသမီး တစ်ဦးကို သတ်ဖြတ်ရန် ကြိုးပမ်းကြောင်း ထပ်မံစစ်ဆေးတွေ့ရှိခဲ့သဖြင့် အနည်းဆုံး ထောင်ဒဏ် အနှစ် ၂၀ တစ်ပေါင်းတည်း ကျခံရမည် ဖြစ်သည်။

၎င်းက အင်အားချည့်နဲ့ပြီး အကူအညီမဲ့နေသည့် သက်ကြီးရွယ်အို မိန်းမကြီးများအား ပစ်မှတ်ထားလုပ်ဆောင်ခြင်းဖြစ်သည်ဟု နယူးကာဆယ်ကရောင်းရုံးတော်မှတစ်ဆင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကိုရှေးရှုသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ

ရဲဘော်တင်ရွှေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖေဖော်ဝါရီလ ၉ရက်နေ့က ကြေညာချက်အမှတ် ၁/၂၀၀၈နှင့် ကြေညာချက် အမှတ် ၂/၂၀၀၈တို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်နှစ်ရပ်အနက် ကြေညာချက် အမှတ်၁/၂၀၀၈က အသစ်ရေးဆွဲပြီးသော ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုရေးနှင့် ကြေညာချက် အမှတ် ၂/၂၀၀၈က ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်ပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပပြီး အာဏာလွှဲပြောင်းပေးမည်ကို ကြေညာလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဤကြေညာချက်များ၏ ဦးတည်ချက်မှာ ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသော ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာမည့် ခိုင်မာသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်၏။

တစ်နည်းဆိုရသော် ပြည်သူ့ဆန္ဒကို တပ်မတော်အစိုးရက အကောင်အထည် ဖော်ဆောင်ရေးကို ရှေးရှုသော ကြေညာချက်များပင် ဖြစ်ပါ၏။

ဤသို့ဖြစ်ရေးအတွက် ပြည်သူတို့၏ တာဝန်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို အတည်ပြုပေးကြရန်ဖြစ်သည်။

ထို့ကြောင့် ပြည်သူတို့အတွက် အဓိကတာဝန်သည်ကား ဆန္ဒခံယူပွဲ ကျင်းပပေးသောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ဖြစ်ရေး အတွက် ဆန္ဒမဲပေးကြရန် ဖြစ်လေသည်။

**ပြည်သူတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ရေးကို ထက်ထက်သန်သန် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသော်လည်း ကြေညာချက် အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ ထွက်ပေါ်လာခဲ့ပြီးနောက် ပြည်တွင်းမှ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားသစ္စာဖောက်များ၊ နယ်ချဲ့လက်ဝေခံ နိုင်ငံရေးပါတီကြီး၊ တရားမဝင်ဖွဲ့စည်းလှုပ်ရှားနေကြသော နိုင်ငံရေးအစုအဖွဲ့ကလေးများနှင့် ယင်းအုပ်စုများအား ဝန်းရံနေသော နိုင်ငံရေးသမားအိုကြီးများထံမှ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအား ဆန့်ကျင်သည့် ပြောဆိုချက်များ၊ ကြေညာချက်များ၊ ပေးစာများသည် ညာသံပေး၍ ဆူဆူညံညံ တစ်ခဲနက် ပေါ်ထွက်လာခဲ့လေသည်။**

အဆိုပါ တစ်ယူသန်အဖျက်သမားတို့၏ တစ်ခုတည်းသော အကြောင်းပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ပါရှိသည့် နိုင်ငံတော်အကြီးအကဲ(သမ္မတ)နှင့် လွှတ်တော်အရပ်ရပ်၏ ကိုယ်စားလှယ်များအတွက် အရည်အချင်းသတ်မှတ်ထားရှိချက်ကို ပယ်ဖျက်ပေးရန်ဖြစ်၏။

အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သာ ကွက်ကွက်ကလေးကြည့်ပြီးဆန့်ကျင်ကန့်ကွက်နေကြခြင်းဖြစ်သည်ကိုတွေ့မြင်ရသည်။

ပြည်တွင်းမှ အထက်ပါအုပ်စု၏ လှုပ်ရှားမှုနည်းတူ ပြည်ပ နယ်ချဲ့နိုင်ငံကြီးများကလည်း သူတို့ကြိုးဆွဲရာကမည့်သူ အရွေးခံနိုင်တော့မည် မဟုတ်၍ ဒေါသူပုန်ထကာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပျက်သုဉ်းရေး အတွက် ဓောင်းပေးတိုက်ခိုက်လျက်ရှိနေလေသည်။

ဤသည်မှာ နိုင်ငံတော်အား နယ်ချဲ့နိုင်ငံကြီးများက ဩဇာလွှမ်းမိုးရန် ကြိုးပမ်းနေမှုကို ပြောင်ပြောင်တင်းတင်း မကွယ်မဝှက် ပြသလိုက်ခြင်းပင် ဖြစ်ပါ၏။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရွေးချယ်ခံပုဂ္ဂိုလ်များ၏ အရည်အချင်း စည်းကမ်းပြဋ္ဌာန်းချက်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါ။**

**နိုင်ငံတော်အား ကျွန်ဘဝ ပြန်လည်မရောက်ရေး၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ မပေါ်ပေါက်နိုင်ရေး၊ နယ်ချဲ့နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု လုံးဝကင်းစင်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အမြော်အမြင်ကြီးစွာ ထည့်သွင်းထားသော ပြဋ္ဌာန်းချက်သာလျှင် ဖြစ်ပါသည်။**

ထိုပြဋ္ဌာန်းချက်သည် နိုင်ငံတော်သစ်အတွက် အထူးခြားဆုံး၊ အလေးနက်ဆုံး၊ နိုင်ငံတော်၏ လုံးဝလွတ်လပ်ရေးအတွက် အာမခံချက် အခိုင်မာဆုံးသော ပြဋ္ဌာန်းချက်ဖြစ်သည်ကို သိရှိကြ၍ ပြည်သူအများက ထောက်ခံကြောင်း ဆန္ဒဖော်ထုတ် ပြသခဲ့ပြီးလည်း ဖြစ်ပါသည်။

ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ နှလုံးသည်းပွတ်ကို ထုတ်ပယ်ပစ်ရန် တောင်းဆိုခြင်းပင် ဖြစ်ပါသည်။

ထိုသို့ **အဖျက်သမား ပြည်ပအားကိုးပုဆိန်ရိုးများ၏ အရွေးချယ်ခံပိုင်ခွင့် အရည်အချင်း သတ်မှတ်ချက်ကို ပယ်ဖျက်ပေးရန် ကြိုးပမ်းနေခြင်းမှာ (၁) မျိုးချစ်စိတ်ဓာတ်ကင်းမဲ့ကြောင်း ပြသခြင်း၊ (၂) ပြည်ပအားကိုးသည့်စိတ်ဓာတ်ကို ပြသခြင်း၊ (၃) နယ်ချဲ့လက်ဝေခံဘဝကို လိုလားရာ ပြသခြင်း၊ (၄) နယ်ချဲ့ဩဇာခံ ရုပ်သေးအစိုးရအဖြစ် ထူထောင်လိုခြင်းနှင့် (၅) အမေကျော်ဒွေးဘော်လွမ်းခြင်း စသည်တို့ပင် ဖြစ်သည်။**

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးသည် တော်လှန်ရေးသတိဖြင့် အဆိုပါ အဖျက်သမားများ၏ ဖြားယောင်းမှုကို တွန်းလှန်ဆန့်ကျင် တိုက်ခိုက်ကြရမည်သာဖြစ်သည်။

အနောက်အုပ်စု နယ်ချဲ့နိုင်ငံကြီးများမှအပ သမာသမတ်ရှိပြီး အမြင်ကြည်လင်သော ကမ္ဘာ့နိုင်ငံအများအပြားက နိုင်ငံတော်၏ ကြေညာချက်တို့အပေါ် အပြုသဘော အကောင်းမြင်ဝါဒဖြင့် ကြိုဆိုနေကြသည်။

ဤသို့ အကောင်းမြင်ဝါဒဖြင့် အပြုသဘောဆောင်ပြီး ကြိုဆိုကြသော နိုင်ငံများအား ပြည်သူတို့က ကျေးဇူးတင်ကြရမည်သာဖြစ်၏။

**နိုင်ငံတော်အား တပ်မတော်က ရိုးသားပွင့်လင်းစွာ စေတနာမှန်ဖြင့် အရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရေးကို ပြည်သူတစ်ရပ်လုံးက အသိအမှတ်ပြု ကြိုဆိုလျက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် တညီတညွတ်တည်း တစ်စိတ်တစ်ဝမ်းတည်း ထောက်ခံကြလိမ့်မည်ဟု ယုံကြည်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အေးချမ်းစွာ အသွင်ကူးပြောင်းရေးကို လိုလားသောပြည်သူတို့၏ ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်နေခြင်းကြောင့်ဖြစ်၏။**

အချုပ်ကိုဆိုရလျှင် **မေလတွင် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသောအခါ၌–**

**(၁) လုံးဝလွတ်လပ်ရေးကို လိုလားသူတိုင်း၊**
**(၂) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊**
**(၃) နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊**
**(၄) မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊**
**(၅) နိုင်ငံတော်တွင် နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်မှုကို မလိုလားသူတိုင်း၊**

**ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ဖြစ်ရေးအတွက် တစ်ခဲနက် ထောက်ခံ ဆန္ဒမဲပေးကြရန် ရေးသားတိုက်တွန်းလိုက်ရပါ၏။**

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း မုချအတည်ဖြစ်ရမည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း အတည်ဖြစ်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး အေးချမ်းသာယာစွာ မုချအောင်မြင်ရမည်။

## မေလတွင်ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသောအခါ၌ –

(၁) လုံးဝလွတ်လပ်ရေးကို လိုလားသူတိုင်း၊
(၂) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊
(၃) နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊
(၄) မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊
(၅) နိုင်ငံတော်တွင် နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရပေါ်ပေါက်မှုကို မလိုလားသူတိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ရေးအတွက် တစ်ခဲနက်ထောက်ခံ ဆန္ဒမဲပေးကြရန် ရေးသားတိုက်တွန်းလိုက်ရပါ၏။

## မော်လမြိုင်ကောလိပ် (၁၉၇၄-၇၈)ဓာတုဗေဒ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

မော်လမြိုင်ကောလိပ် (၁၉၇၄-၇၈) ဓာတုဗေဒ၊ ကုန်ထုတ် ဓာတုဗေဒနှင့် ရန်ကုန် ဝ/သ ပြောင်းရွှေ့ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ မတ် ၂၂ ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများနှင့် အသေးစိတ် သိလိုသူများသည် ဒုတိယဗိုလ်မှူးကြီးဌေးလွင် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၅၀၂၀၂၅၈၊ ကိုမောင်မောင်ချို ဖုန်း-၀၉-၂၀၃၂၃၅၈ (မန္တလေး)၊ ကိုဉာဏ်အောင် ဖုန်း-၀၁-၅၄၇၂၂၄၊ ကိုစင်းယုံ ဖုန်း-၇၂၈၆၈၃၊ ၀၉-၈၉၂၃၉၀၇၊ ကိုမြင့်စော ဖုန်း-၀၁-၅၃၅၅၉၂၊ ကိုတင်လေး ဖုန်း-၀၁-၅၄၄၂၆၈၊ ၀၉-၅၁၉၀၃၀၅၊ မညပွမ် ဖုန်း-၀၉-၅၁၇၇၂၆၂၊ မမြင့်မြင့်ကြည် ဖုန်း-၀၁-၂၄၁၁၁၆၊ မနုနုသန်း ဖုန်း-၀၁-၂၉၈၆၄၅ (ရန်ကုန်)၊ မနုနုလွင် ဖုန်း-၀၅၂-၂၂၀၁၇၊ ကိုအေးလွင် ဖုန်း-၀၅၂-၂၁၃၃၈(ပဲခူး)၊ ကိုသိန်းဇံ ဖုန်း-၀၅၂-၄၆၃၅၇ (သနပ်ပင်)၊ ကိုအောင်သိန်း ဖုန်း-၀၅၇-၂၅၅၀၈ (မော်လမြိုင်)၊ ကိုကျော်ဟိုး ဖုန်း-၀၅၈-၂၁၂၈၉ (ဘားအံ)တို့ သို့ ဆက်သွယ် နိုင်ကြောင်း သိရှိရသည်။

(က-ပ)

## ရေဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု သီတဂူဓမ္မသဘင်(အထူးတရားပွဲ) မတ် ၁၃ရက်တွင်ကျင်းပမည်

ရန်ကုန် မတ် ၇

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D)သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ ဒေါ်တင်မြ (၁)လမ်း ဒေါ်တင်မြ တံတားအနီး ဒေါ်တင်မြဆေးခန်း တိုးချဲ့ဆောက်လုပ်မည့် မြေကွက်လပ်၌ မတ် ၁၃ရက် (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၇ရက်) (ကြာသပတေးနေ့) နံနက် ၈နာရီတွင် သီတဂူဓမ္မသဘင် (အထူးတရားပွဲ) ကျင်းပမည်ဖြစ်ပါကြောင်း ဘုရားချောင်းကျေးရွာ သီတဂူဓမ္မသဘင်ကျင်းပရေးအဖွဲ့မှ နိဗ္ဗာန်အကျိုး ရည်မျှော်ကိုး၍ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

## မြန်မာ့ပရိဘောဂပြပွဲ ရက်တိုး ဖွင့်ပြသ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းက ကြီးမှူးပြီး တိုင်းရင်းသား လုပ်ငန်းရှင်များ စုပေါင်း၍ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ပြသလျက် ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၀၈)ကို မူလက မတ် ၃ရက်မှ ၇ရက်အထိ ကျင်းပရန်စီစဉ်ခဲ့သော်လည်း မတ် ၈ရက်နှင့် ၉ရက်တို့တွင် နှစ်ရက်ထပ်မံတိုးမြှင့်ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ညောင်ရိပ်သာတရားစခန်းနှင့် စုပေါင်းဒုလ္လဘဝတ်ပွဲ

ရန်ကုန် မတ် ၇

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် (၁၀၈)တောင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ပဓာနာနာယက အရှင်ကေသရာ ဘိဝံသ ဆရာတော်က မတ် ၂၁ရက်မှ ၂၇ရက်အထိတစ်ကြိမ်၊ ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ တစ်ကြိမ် ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းနှင့် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြု သာသနာ့ဗွယ်ဝင် သီလရှင်ဝတ်ပွဲကျင်းပမည်ဖြစ်၍ တရားစခန်းဝင်လိုသူများနှင့် ဒုလ္လဘဝင်ရောက်လိုသူများ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်၍ လှူဒါန်းပါဝင်နိုင်ကြောင်း သိရသည်။

(က-ပ)

## သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၇

ရေသန့်၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို အခြေပြု၍ အသက် (၅-၉)နှစ်အရွယ် ကလေးငယ်များကို အခြေခံ ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သန့်လေးသန့် စီမံချက်မှ ပညာပေးသီချင်းပြိုင်ပွဲ အတွက် ဆုပေးပွဲအခမ်းအနားကို မတ် ၉ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ဆုရသီချင်းများကို ယင်းနေ့အခမ်းအနား၌ ကြေညာ၍ ဆုချီးမြှင့်မည်ဖြစ်သဖြင့် လျှောက်လွှာတင်သွင်းဝင်ရောက်ယှဉ်ပြိုင်သူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် သက်ဆိုင်ရာက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာ ဒေသခံပြည်သူများအတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး ထောက်ပံ့ပေးအပ်စဉ်။ (အား/ကာ)

# ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကသာခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၂ ရက် နံနက်ပိုင်းတွင် ဝန်းသိုမြို့နယ် ဆည်ကြီးကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။**

ထို့မှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည်ထီးချိုင့်မြို့နယ်ကျောက်အိုက်ကျေးရွာကျေးလက်ဖွံ့ဖြိုးရေးအခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဘိလပ်မြေ၂၅အိတ်၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွှေကျောင်းကျေးရွာ ရွှေပါရမီ စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာအုပ်မျိုးစုံနှင့် ဂျာနယ်များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ရွှေကျောင်းရွာအသေးစားရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွှေကျောင်းရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် ဘိလပ်မြေအိတ်၅၀၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများထောက်ပံ့ပေးအပ်သည်။

ထို့မှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထီးချိုင့်မြို့ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော တာဝန်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို လည်းကောင်း၊ ကသာမြို့နယ် လမ်းခွကျေးရွာ ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန် ဘိလပ်မြေအိတ်၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထီးချိုင့်မြို့ လောကချမ်းသာရာဘုရားသို့ သွားရောက် ဖူးမြော်ပြီး ကပ်ကျော် ဆုတောင်းပြည့်ဘုရားပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေး၍ အလှူငွေကျပ် ၄၈၀၀၀၀ လှူဒါန်းကာ မဟာလေသာကန် ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းသည်။

**ရေစက်သွန်းချ**

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မတ်၃ရက်တွင် ထီးချိုင့်မြို့ရှိ လောကချမ်းသာရ ဘုရား၌ ကျင်းပသည့် ဓမ္မာရုံရေစက်ချအခမ်းအနားသို့ တက်ရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ကပ်လှူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထီးချိုင့်မြို့နယ်မောင်းကုန်းကျေးရွာကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း၌ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်၏ တောင်ဘက်အဝင်လမ်းမကြီး ပြုပြင်မွမ်းမံရန်အတွက် သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် လုံးချင်းအိမ်ရာနေ ဦးဝင်းမောင်တင်-ဒေါ်သန်းအေး၊ သမီး ဆရာမလေး ဒေါ်ဆွေဆွေဝင်းနှင့် ဦးထွန်းအောင်-ဒေါ်သီသီဝင်း၊ သား စည်ဖြိုးထွန်း၊ စည်ဖြိုးအောင်(ET) မိသားစုက ငွေကျပ်ခြောက်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြအောင်နှင့်ဂေါပကအဖွဲ့ဝင်များ လက်ခံယူစဉ်။ (က-ပ)

မတ် ၂ ရက်က သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်နေထက်ထွန်းအား ကျောင်းအုပ်ဆရာကြီးဦးအောင်ဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့

၂၀၀၈ ခုနှစ်၊ မတ်လ(၂၄)ရက်

"WORLD TB DAY"

24-3-2008

တီဘီကင်းစင်ကမ္ဘာတစ်ခွင် လူတိုင်းတာဝန်ပင်

"I AM STOPPING TB "

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် (၇)ရပ်ကွက် မြတ်သီရိလမ်းနေ ဦးရှင်စိုင်-ဒေါ်ရီရီမြင့်၊ သမီး မဇင်လင်းမော်၊မမျိုးမိမိမော်၊မထက်ထက်လွင်၊မပဂ္ဂီမိသားစုတို့က ကြေးပိဋကတ်သုတ္တန္တပိဋကဝင် မူလပဏ္ဏာသပါဠိတော် ကြေးပြား ငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

# အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် အောင်လက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်လက်မှတ် ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်တွင် သံဖြူဇရပ်မြို့ရှိ မြို့တော်ဦး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသီလာစာရထံမှပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တနန္ဒသာရထံမှ ဩဝါဒကထာ ခံယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲအောင်မြင်ကြသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်**(အောက်ပုံ)**၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အမှုဆောင်များက အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၉ ရက်က ရန်ကင်းမြို့နယ် အမက(၅)တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ စတုတ္ထတန်း(က)မှ မခိုင်ဇင်သက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မတ် ၆ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသသည့် မြန်မာ့ပရိဘောဂပြပွဲတွင် ပရိသတ်များ ကြည့်ရှုလေ့လာစဉ်။ (ဓာတ်ပုံ-ကုန်သည်/စက်မှု)

# ဝါးခယ်မအာထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက(၁)ကျောင်း (၁၉၇၉-၈၀-၈၁-၈၂) ခုနှစ်ထိ ဒသမတန်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၆ ရက်(တနင်္ဂနွေနေ့)တွင် ဝါးခယ်မမြို့နယ် အထက(၁) ကျောင်းကြီး၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်ဆွေ ဖုန်း-၀၉၅၀၀၉၇၃၇၊ ဦးမျိုးချစ် ဖုန်း-၀၉၅၁၈၄၆၂၆၊ ဒေါ်ခင်အေးမူ ဖုန်း-၀၉၅၀၅၆၉၇၀၊ ဒေါ်ယဉ်ယဉ်လေး ဖုန်း-၀၉၉၀၄၂၄၁၀၊ ဒေါ်မေစုသာ ဖုန်း-၀၉၅၁၇၃၅၇၆၊ ဒေါ်နီလာတင် ဖုန်း-၀၉၅၁၃၄၈၉၂ ရန်ကုန်မြို့နှင့် ဦးဝင်းဌေး ဖုန်း-၀၄၂-၆၀၆၆၄၊ ဦးတင်ဝ(ခ)ဦးတင်ဦး ဖုန်း-၀၄၂-၆၀၃၃၅၊ ဦးတင်ဦ(ခ)ဦးမောင်ဦး ဖုန်း-၀၄၂-၆၀၃၇၃၊ ဒေါ်မိမိမြတ် ဖုန်း-၀၄၂-၆၀၁၅၃၊ ဒေါ်မာမာစီ ဖုန်း-၀၄၂-၆၀၃၄၆၊ ဒေါ်သင်းသင်းအေး ဖုန်း-၀၄၂-၆၀၃၃၀ ဝါးခယ်မမြို့တို့ထံ မတ် ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းလှူဒါန်းကြရန်နှင့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မတ် ၃၀ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ဝါးခယ်မမြို့နယ် အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀ သို့ ဆက်သွယ် စာရင်းပေးပို့နိုင်ကြရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့က ဒုတိယအကြိမ် အသိပေးနှိုးဆော်ထားသည်။

(က-ပ)

✪ **ရှေ့ဖုံးမှ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား မြန်မာနိုင်ငံအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မြန်မာနိုင်ငံအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များ

အဆွေတော်နဲ့အဖွဲ့ဝင်များကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ခရီးစဉ်ကို မူလက ဧပြီလမှာ လက်ခံရန် စီစဉ်ထားခဲ့ပါတယ်။ သို့သော်လည်း အထွေထွေအတွင်းရေးမှူးချုပ်က အစောဆုံးစေလွှတ်လိုပါကြောင်း ညှိနှိုင်းလာတဲ့အတွက် အဆွေတော်တို့ရဲ့ဆန္ဒကို အလေးထားသောအားဖြင့် အခုလို မတ်လဆန်းမှာ လက်ခံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒီခရီးစဉ်အတွင်းမှာ တွေ့ဆုံခွင့်တောင်းခံထားသူများနဲ့ တွေ့ဆုံနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အဆွေတော်အနေနဲ့ မနေ့က နိုင်ငံခြားရေးဝန်ကြီး၊ သံတမန်အဖွဲ့များ၊ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်အဖွဲ့များ၊ ICRC ကိုယ်စားလှယ်တို့နဲ့ တွေ့ဆုံခွင့်ရခဲ့ပြီးဖြစ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့နဲ့တွေ့ဆုံပြီးနောက်မှာ ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နဲ့လည်းကောင်း၊ နောက်ရက်တွေမှာလည်း တွေ့သင့်တွေ့ထိုက်သူများနဲ့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးထားပါတယ်။

အဆွေတော် သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့အဖွဲ့ဟာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အာဏာကုန်လွှဲအပ်ထားခြင်းခံရတဲ့ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ဖြစ်တာကြောင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ယခုခရီးစဉ်မတိုင်မီ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ရက်စွဲနဲ့ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို စာတစ်စောင် ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ အဆွေတော်ရဲ့ ပြီးခဲ့တဲ့ခရီးစဉ်နှစ်ခုနောက်ပိုင်း မြန်မာနိုင်ငံဘက်က အပြုသဘောဆောင်သော တိုးတက်မှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမည်ဟုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပမည်ဟုလည်းကောင်း ကြေညာချက်နှင့်ပတ်သက်၍ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု၌ အချိန်ဇယားချပေးခြင်းဖြစ်သည့်အတွက် အသိအမှတ်ပြုပါကြောင်း ဖော်ပြပါရှိပါတယ်။ ယခုလို ကြိုဆိုအသိအမှတ်ပြုတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့စာမှာ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်လို့ အဓိကအချက်(၅)ရပ်ကို ဆွေးနွေးရန် တိုက်တွန်းထားတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါအချက်(၅)ရပ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က သဘောထားနဲ့ ဆောင်ရွက်မှုအခြေအနေများကို ဦးစွာရှင်းလင်းပြောကြားလိုပါတယ်။ ပထမဆုံးအချက်ကတော့ မြန်မာနိုင်ငံသို့ ပုံမှန်လာရောက်နိုင်ရေး ခရီးစဉ်အစီအစဉ် Flexibility ရှိရေးတို့အပါအဝင် ထိတွေ့မှုလုပ်ငန်းစဉ် ပုံမှန်ဖြစ်စေရေးနဲ့ အဆွေတော်ရဲ့ရုံးမှ ဝန်ထမ်းတစ်ဦးကို ရန်ကုန်တွင် နေခွင့်ပြုရေးကိစ္စရပ်တို့ ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ယခင်အခေါက်တွေတုန်းကလည်း ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အဆွေတော်လာရောက်ဖို့ အဆိုပြုဆက်သွယ်ညှိနှိုင်းလာမယ်ဆိုရင် ကျွန်တော်တို့ဘက်ကလည်း တာဝန်ရှိသူများရဲ့ အလုပ်တာဝန်အချိန်ပေးနိုင်မှုအပေါ် မူတည်ပြီး နှစ်ဖက်ညှိနှိုင်းခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ Flexibility ရှိရေးအတွက်လည်း အဆွေတော် တွေ့ဆုံခွင့်တောင်းခံထားတဲ့ ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများအနက် ခွင့်ပြုပေးနိုင်တဲ့ တွေ့သင့်တွေ့ထိုက်သူအားလုံးကို အဆင်ပြေပြေ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးထားပါတယ်။ အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး ရန်ကုန်မြို့မှာ ရုံးထိုင်ခွင့်ရရှိရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ အများအပြား ရုံးစိုက်ပြီးဖြစ်တဲ့အပြင် ဌာနေကိုယ်စားလှယ်များလည်း ခန့်ထားပြီးဖြစ်ပါတယ်။ အဲဒီရုံးဌာန၊ ဝန်ထမ်းများကတစ်ဆင့် ကုလသမဂ္ဂရုံးအနေနဲ့ ကျွန်တော်တို့ဆီကို လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့လည်း တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သွားနိုင်ပါတယ်။ ဒါကြောင့် ရန်ကုန်မှာ အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး ထပ်မံခန့်ထားရန် မလိုအပ်ကြောင်း ပြောကြားလိုပါတယ်။

မစ္စတာဘန်ကီမွန်းရဲ့စာပါ ဒုတိယအချက်ကတော့ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ မြန်မာပြည်သူအားလုံးရဲ့သဘောထား ပိုမိုပါဝင်ရေးအတွက် အစီအမံများ ချမှတ်ပေးရေးပဲဖြစ်ပါတယ်။ ဒီအချက်ကို ရှင်းပြရရင် အခုအခါ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးဖြစ်လို့ ထပ်မံပြင်ဆင်ရေးသားရန် မဖြစ်နိုင်ပါ။ ပြည်သူအများစုကလည်း ထိုသို့ဆောင်ရွက်ရန် တောင်းခံခြင်းမရှိပါ။ သို့သော် အခြေခံဥပဒေရေးဆွဲရန်အတွက် လိုအပ်တဲ့အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေ ညှိနှိုင်းဆွေးနွေးချမှတ်စဉ်က ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ အကျယ်ပြန့်ဆုံး ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ညီလာခံမကျင်းပမီ NLD အပါအဝင် ရွေးချယ်ခံထားရသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ပါဝင်တဲ့ ညှိနှိုင်းအစည်းအဝေးများမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး အားလုံးရဲ့သဘောတူညီချက်နဲ့ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှာ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ စတင်ကျင်းပစဉ်ကတည်းက NLD အပါအဝင် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူများ၊ တိုင်းရင်းသားလူမျိုးများအပြင် ပြည်သူလူထုလူတန်းစားအလွှာစုံကို ကိုယ်စားပြုတဲ့ အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

**သို့သော် NLD အနေနဲ့ အများစုရဲ့ ဆန္ဒသဘောထားကို ဦးစားပေးခြင်းဆိုတဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရကို လက်မခံနိုင်ဘဲ ၁၉၉၅ ခုနှစ် နိုဝင်ဘာလမှာ ညီလာခံကနေ ၎င်းတို့သဘောဆန္ဒအလျောက် ဆန့်ကျင်ထွက်ခွာသွားခဲ့ပါတယ်။ ကျန်ရှိသော ကိုယ်စားလှယ်များက အရှိန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံကို ယာယီအားဖြင့် ရပ်ဆိုင်းခဲ့ရပါတယ်။ တကယ်တော့ NLD ဟာ ၎င်းတို့ပါတီရဲ့ သဘောထားရပ်တည်ချက်များကို တင်ပြဆွေးနွေး ညှိနှိုင်းခွင့်ရရှိခဲ့ပြီးဖြစ်သလို အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမယ့် အခြေခံမူ (၁၀၄)ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ ချမှတ်ပြီးသည်အထိ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၄ ခုနှစ် အမျိုးသားညီလာခံ ပြန်လည်ကျင်းပချိန်မှာ NLD ကို ထပ်မံဖိတ်ခေါ်ခဲ့ပါသေးတယ်။ သူတို့ဆန္ဒအလျောက် တက်ရောက်ရန် ငြင်းပယ် ပြီး အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်က လမ်းခွဲထွက်ခဲ့ခြင်းသာဖြစ်ပါတယ်။**

**ဒါ့အပြင် အမျိုးသားညီလာခံမှာ ပြည်သူအားလုံးရဲ့ ဆန္ဒသဘောထားတွေ ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြု ပါဝင်နေတယ်ဆိုတာကို ပိုမိုထင်ရှားစွာ သိနားလည်နိုင်ရေးအတွက် ကိန်းဂဏန်းများနဲ့ ရှင်းပြလိုပါတယ်။ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကျင်းပခဲ့တဲ့ ညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ကျော်အထိ တိုးမြှင့်တက်ရောက်စေခဲ့ပြီး တိုင်းရင်းသားကိုယ်စားလှယ်များကိုလည်း ၆၃၅ဦးအထိ တိုးမြှင့်ပါဝင်စေခဲ့ပါတယ်။ ၃၂၅မြို့နယ်နဲ့ အချိုးချကြည့်မယ်ဆိုရင် တစ်မြို့နယ်ကို အနည်းဆုံးတစ်ဦး၊ မြို့နယ်အများစုဟာ နှစ်ဦးနှုန်းအထိ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်သူအားလုံးရဲ့ဆန္ဒသဘောထား ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တယ်ဆိုတာ အဆွေတော် သဘောပေါက်မယ်လို့ မျှော်လင့်ပါတယ်။**

**အခုဆိုရင် အမျိုးသားညီလာခံကချမှတ်ပေးတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို အခြေခံပြီး အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဥပဒေမူကြမ်းကို လာမယ့်မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုတော့မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး NLD အပါအဝင် ဆန့်ကျင်ဘက် ပြည်တွင်းပြည်ပအင်အားစုအချို့က ကန့်ကွက်ပြောဆိုမှုတွေရှိနေပါတယ်။ ဒီမိုကရေစီသဘောအရ ပြည်သူ့ကိုယ်စားလှယ်အားလုံးက အလျှော့အတင်း ဝိရောဓိများကြားမှ အဖြေမှန်ရတဲ့အထိ တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ထားတာကို လွန်မြောက်သွားတဲ့ အခုလိုအချိန်ကျမှ ပြန်လည်ညှိနှိုင်း ပြင်ဆင်ပေးဖို့ ဘယ်လိုမှ မတောင်းဆိုသင့်တော့ပါဘူး။ ဘယ်လိုမှလည်း မဖြစ်နိုင်တော့ပါဘူး။ ဒါပေမယ့် အခြေခံဥပဒေမူကြမ်းကို ပြည်သူများရဲ့အဆုံးအဖြတ်နဲ့ အတည်ပြုမှာဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ထောက်ခံသူရော၊ ဆန့်ကျင်သူများပါ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးရင် ထောက်ခံသူများရော၊ ဆန့်ကျင်သူများပါ သင့်လျော်တဲ့အချိန်မှာ ဆိုင်ရာဥပဒေများနှင့်အညီ ပါတီများထူထောင်ခွင့်၊ ရွေးကောက်ပွဲ ဝင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့် ရရှိကြမှာဖြစ်ပါတယ်။**

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘင်္ဂါလီစွန်နီဂျာမေဗလီဝတ်ကျောင်း၌ ဝတ်ပြုဆုတောင်းစဉ်။** (သတင်းစဉ်)

**ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်များမှာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များမှာလည်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခွင့် ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီထက်ပိုပြီး All Inclusive ဖြစ်တာ မရှိနိုင်တော့ဘူးလို့ ပြောချင်ပါတယ်။**

**ဒါ့အပြင် ကျွန်တော်တို့ကို ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများက Time Frame မရှိဘူး၊ တမင်သက်သက်အချိန်ဆွဲ နေတယ်ဆိုပြီး ဝေဖန်တိုက်ခိုက်ခဲ့ကြပါတယ်။ အမျိုးသားညီလာခံဟာ ၁၄နှစ်ကြာခဲ့ကြောင်း၊ နောက်ထပ် ၁၄နှစ် မစောင့်နိုင်တော့ကြောင်း ပြောဆိုခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ယခုအခါမှာ အစိုးရအနေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မေလမှာပြုလုပ်ဖို့၊ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာပြုလုပ်ဖို့ Time Frame ချမှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို တရားဝင်ကြေညာပေးလိုက်တော့လည်း အလျင်စလိုလုပ်တယ်၊ ရိုးသားမှုမရှိဘူး၊ ထင်သာမြင်သာ (Transparency) မရှိဘူးလို့ ဝေဖန် ကြပြန်ပါတယ်။ ကျွန်တော်တို့ဘက်က ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ် အကောင်းမမြင်တာကို ကြည့်ခြင်းအားဖြင့် ၎င်းတို့ရဲ့ အတွင်းစိတ်သဘောထားက ဘာလဲဆိုတာကို သိမြင်နိုင်ပါတယ်။**

ထင်သာမြင်သာ(Transparency) ရှိမှုနဲ့ပတ်သက်ပြီး ကျွန်တော် အကြိမ်ကြိမ်ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ညီလာခံကျင်းပစဉ်ကာလတစ်လျှောက်လုံးမှာလည်း သံတမန်တွေ၊ စစ်သံမှူးတွေ၊ နိုင်ငံခြားသတင်းထောက်တွေကို အခါအားလျော်စွာ ဖိတ်ခေါ်ပြီး လေ့လာခွင့်ပြုခဲ့တာလည်း အဆွေတော်အသိပါပဲ။ ညီလာခံမှာ အပြန်အလှန် ဆွေးနွေးကြတာတွေ၊ ဆုံးဖြတ်ကြတာတွေကို နေ့စဉ် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှာ ထုတ်လွှင့်ဖော်ပြပေးခဲ့တဲ့အပြင် ချမှတ်ခဲ့တဲ့ အခြေခံမူ၊ အသေးစိတ်အခြေခံရမယ့်မူများအားလုံးကိုလည်း တစ်ခန်းချင်းအလိုက် သတင်းစာများမှာ အပြည့်အစုံဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်ဖို့အတွက် အခြေခံမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းကို စာအုပ်အဖြစ်ပုံနှိပ်ပြီး ပြည်သူများအကြား ထပ်မံဖြန့်ဝေပေးဦးမှာလည်းဖြစ်ပါတယ်။

တတိယအချက်ကတော့ အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ထိရောက်မှုရှိတဲ့၊ အချိန်သတ်မှတ်ချက်ရှိတဲ့၊ ကုလသမဂ္ဂအပါအဝင် အားလုံးပါဝင်တဲ့ ဆွေးနွေးမှုတစ်ခုဖြစ်စေရေးဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အမျိုးသားညီလာခံဟာ အကျယ်ပြန့်ဆုံးနဲ့ အနှစ်သာရအရှိဆုံး နိုင်ငံရေးဆွေးနွေးမှုပဲဖြစ်ပါတယ်။ ယနေ့အခါမှာ အဆွေတော်တို့ရဲ့အကြံပြုချက်များနဲ့အညီ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။ အဆွေတော်သိပြီးဖြစ်တဲ့အတိုင်း ကြေညာချက်အမှတ်(၁/၂၀၀၇)ကို ထုတ်ပြန်ပြီး ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ် ဖြတ်တောက်ရေးအပါအဝင် အလုံးစုံပိတ်ဆို့ရေး စတဲ့ဆောင်ရွက်ပိတ်ဆို့မှု ၄ချက်ကို စွန့်လွှတ်ကြောင်း ကြေညာရန်နှင့် အဲဒီလို ကြေညာမယ်ဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုက်ရိုက်တွေ့ဆုံမယ်လို့ ကြေညာထားပြီးဖြစ်ပါတယ်။ အဲဒီကြေညာချက်ဟာ လက်ရှိအခြေအနေအားလုံးရဲ့ အခြေခံပဲဖြစ်ပါတယ်။ Win - Win Situation အတွက် ဖန်တီးလမ်းဖွင့်ပေးထားခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမယ့် NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က သူမအနေနဲ့ ဒီပိတ်ဆို့ရေး ၄ ချက်ကို မလုပ်ခဲ့ဘူး၊ ဒါကြောင့် ကြေညာမပေးနိုင်ဘူးလို့ပဲ တုံ့ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပိတ်ဆို့ရေး ၄ ချက်အတွက် ပြောခဲ့တာတွေ၊ ရေးခဲ့တာတွေ၊ နိုင်ငံတကာအထိ အကူအညီတောင်းခဲ့တဲ့ သာဓကတွေ ကျွန်တော်တို့ဆီမှာ အများကြီးရှိပါတယ်။ ဒါတွေကို မြန်မာပြည်သူတွေကသာမက ကမ္ဘာ

ကပင် သိထားပြီးဖြစ်ပါတယ်။ ဒီလို
သူတို့တောင်းဆိုလိုလားချက်တွေမရရ
ခံယူထားကြောင်း သက်သေပြနေတာပ
အခြေအနေဖန်တီးလမ်းဖွင့်ပေးခဲ့ပေမ
ဆန်းစုကြည်တို့သာဖြစ်ကြောင်း ပြေ

စတုတ္ထအချက်ကတော့ ဒေါ်အေ
လွှတ်ပေးရေးနဲ့ အခြားနိုင်ငံရေးအကျ
**ကျွန်တော်တို့ဆီမှာ နိုင်ငံရေးအကျဉ်းသာ**
**ဥပဒေနဲ့အညီ ပြစ်ဒဏ်ကျခံနေရသူ**
**အလေးထားပြီး ပြစ်ဒဏ်ကျခံနေသူမျ**
**ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် လ**
**ပြစ်ဒဏ်ကျခံနေရသူများသာဖြစ်ကြော**
**လိုပါတယ်။**

ဒေါ်အောင်ဆန်းစုကြည်အပေါ်
မယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်
အန္တရာယ်ရှိလာခဲ့တာကြောင့် နေအိမ်
အပြန်အလှန် နားလည်မှုတည်ဆောက
ဒေါ်အောင်ဆန်းစုကြည်ဟာ နောက်
တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးနဲ့ အလုံ
မယ်”လို့ ကြွေးကြော်ပြီး ထိပ်တိုက်ရ
ပါတယ်။ တစ်ဆက်တည်း အမျိုးသာ
ကို ညီလာခံက ကျောခိုင်းထွက်ခွာသွ
ခေါ်ယူရေး တောင်းဆိုချက်ကို တိုက်ပွဲ
ကြိုးပမ်းမှုတွေလည်း ရှိခဲ့ပါတယ်။
ဘယ်လိုမှ ထိန်းသိမ်းလို့မရနိုင်တော့

ဒုတိယအကြိမ် တားဆီးကန့်သ
၄ ကြိမ်၊ ဝန်ကြီးများပါဝင်တဲ့အဖွဲ့က
ခဲ့ကြပါတယ်။ နှစ်ဦးနှစ်ဖက် သဘော
ထပ်မံရုပ်သိမ်းပေးခဲ့ပြန်ပါတယ်။ နှစ်
ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများ
ဆန်းစုကြည်အနေနဲ့ အစပိုင်းကာလ
ဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်းမှာ
ပါတီစည်းရုံးရေးလုပ်ငန်းကို အကြော
တွေနဲ့ပါ ရန်းရင်းဆန်ခတ်ပြဿနာ
တားဆီးကန့်သတ်ခဲ့ရတာဖြစ်ကြောင်

**ယနေ့အချိန်ဟာ ဒီမိုကရေစီ**
**တည်ငြိမ်အေးချမ်းမှုဟာ တကယ့်ကို**
**အဓိကလိုလားချက် (၃)ရပ်ရှိတယ်လို့**
**ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ်**
**နေရေးနဲ့ လူနေမှုဘဝမြင့်မားလိုကြ**
**အကြမ်းဖက်မှုတွေနဲ့ ဆူဆူပူပူ ရုတ်ရ**
**အေးချမ်းတည်ငြိမ်မှုမျိုးကိုပဲ လိုလား**
**လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်**
**ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေက**
**ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အ**
**ဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုကို အထိ**
**ဖော်ဆောင်နိုင်ဖို့ ကြေညာချက်အမှတ်**
**ကြေညာချက်(၁/၂၀၀၇)ဟာ အခြေ**
**ပါတယ်။**

နောက်ဆုံးနဲ့ ပဉ္စမအချက်က
ဖြေရှင်းရန် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်
စာနာမှုအကူအညီပေးရေးကဏ္ဍမှာ ပူး
ဒီကိစ္စနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့
အဆွေတော်တို့ဘက်က အခုလိုကူညီမ
**နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခက်အခဲဖြစ်**
**ကြောင့်ပဲဖြစ်ပါတယ်။ အဲဒီစီးပွားရေးပိ**
**မှုတွေကို ရုပ်သိမ်းပေးအောင် အဆွေ**
**ယခုပြောနေတဲ့ Economic Fo**
**ဖြစ်ပါတယ်။ ပိတ်ဆို့မှုတွေလုပ်ထားပြီး**
**တကယ်တမ်းကျတော့ ဘယ်လိုမှ အ**

ဆက်လက်ပြီး တပ်မတော်အစိ
အကျဉ်းမျှရှင်းလင်းပြောကြားလိုပါတ
ဖြစ်လို့ အားလုံးကို ခြုံငုံသဘော

လက်ရှိအခြေအနေမှာ ကျွန်တေ
အပြီးသတ် ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး
နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထုတ
မြောက်စေရန်လည်း စီမံဆောင်ရွက်
ရွေးကောက်ပွဲများမှာ လည်းကောင်း၊
ထောက်ခံသူများရော၊ ဆန့်ကျင်သူမျ
ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသား
နောင်နှစ်နှစ်ခန့်အတွင်းမှာ အောင်မြ
အခါမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက်

ကပင် သိထားပြီးဖြစ်ပါတယ်။ ဒီလိုငြင်းဆန်တုံ့ပြန်ခြင်းဟာ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူတို့တောင်းဆိုလိုလားချက်တွေမရရင် အဲဒီပိတ်ဆို့ရေးလက်နက်တွေကို ပြန်လည်ကိုင်စွဲ ကျင့်သုံးမယ်လို့ ခံယူထားကြောင်း သက်သေပြနေတာပါပဲ။ ဒါကြောင့် Win-Win Situation အတွက် ကျွန်တော်တို့ဘက်က အခြေအနေဖန်တီးလမ်းဖွင့်ပေးခဲ့ပေမယ့် လက်မခံဘဲ ငြင်းဆန်တုံ့ပြန်ခဲ့တာဟာ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့သာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

စတုတ္ထအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိတဲ့ ကန့်သတ်ချက်များ လျှော့ပေးရေး၊ လွှတ်ပေးရေးနဲ့ အခြားနိုင်ငံရေးအကျဉ်းသားများကိုလည်း လွှတ်ပေးရေးပဲဖြစ်ပါတယ်။ တကယ်တော့ **ကျွန်တော်တို့ဆီမှာ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိပါဘူး။ တည်ဆဲဥပဒေတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်လို့ ဥပဒေနဲ့အညီ ပြစ်ဒဏ်ကျခံနေရသူတွေသာရှိပါတယ်။ သို့သော် အဆွေတော်တို့ရဲ့ မေတ္တာရပ်ခံမှုကို အလေးထားပြီး ပြစ်ဒဏ်ကျခံနေသူများအနက်မှ ခွင့်လွှတ်နိုင်တဲ့သူ၊ ခွင့်လွှတ်သင့်တဲ့သူတွေကို လွှတ်ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအကျဉ်းသားများအားလုံးဟာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ကျခံနေရသူများသာဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများမဟုတ်ကြောင်း အတိအလင်း ပြောကြားလိုပါတယ်။**

ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိတဲ့ ကန့်သတ်ချက်များလျှော့ချပေးရေးနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအန်တုမှုလုပ်ဆောင်ချက်များဟာ နိုင်ငံတော်အတွက် အန္တရာယ်ရှိလာခဲ့တာကြောင့် နေအိမ်မှာ တားဆီးခဲ့ရခြင်းဖြစ်ပါတယ်။ တားဆီးမိန့်နဲ့ရှိနေစဉ်အတွင်း အပြန်အလှန် နားလည်မှုတည်ဆောက်ပြီး ပထမအကြိမ် တားဆီးမိန့်ကိုရုပ်သိမ်းပေးခဲ့ပါတယ်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်ဟာ နောက်တစ်နေ့မှာပဲ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး "အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးနဲ့ အလုံးစုံပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရမယ်"လို့ ကြွေးကြော်ပြီး ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးမူဝါဒကို ကိုင်စွဲဆောင်ရွက်လာခဲ့ပါတယ်။ တစ်ဆက်တည်း အမျိုးသားညီလာခံကို ထိပါးပုတ်ခတ်မှုတွေ ပြုလုပ်ခဲ့ရုံသာမက NLD ပါတီကို ညီလာခံက ကျောခိုင်းထွက်ခွာသွားစေတဲ့အထိ ဆန့်ကျင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်ခေါ်ယူရေး တောင်းဆိုချက်ကို တိုက်ပွဲအသွင်ဖော်ဆောင်ပြီး မိမိအစီအစဉ်နဲ့ ဖွတ်အတင်း လွှတ်တော်ခေါ်ရန် ကြိုးပမ်းမှုတွေလည်း ရှိခဲ့ပါတယ်။ နောက်ဆုံး ၎င်းရဲ့လုပ်ရပ်တွေဟာ အန္တရာယ်အလွန်ကြီးမားပြီး ဘယ်လိုမှ ထိန်းသိမ်းလို့မရနိုင်တော့တဲ့အတွက် ဒုတိယအကြိမ် တားဆီးမိန့် ထုတ်ပြန်ခဲ့ရပြန်ပါတယ်။

ဒုတိယအကြိမ် တားဆီးကန့်သတ်ထားစဉ်ကာလအတွင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဖွဲ့က ၄ ကြိမ်၊ ဝန်ကြီးများပါဝင်တဲ့အဖွဲ့က အကြိမ် ၂၀ တိုင်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်အချို့နဲ့ ပြေလည်မှုရရှိလို့ တားဆီးမိန့်ကို ဒုတိယအကြိမ် ထပ်မံရုပ်သိမ်းပေးခဲ့ပြန်ပါတယ်။ နှစ်ဖက်သဘောတူညီချက်နဲ့အညီ ပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများကို လေ့လာသိရှိနိုင်အောင် ပို့ဆောင်ပြသပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အစပိုင်းကာလတွေမှာ မူလသဘောတူညီချက်အတိုင်း မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ယခင်လမ်းဟောင်းအတိုင်း ပြန်သွားဖို့ ကြိုးပမ်းခဲ့ပြန်ပါတယ်။ ပါတီစည်းရုံးရေးလုပ်ငန်းကို အကြောင်းပြပြီး အခြေအနေရှုပ်ထွေးအောင် ဖန်တီးခဲ့တဲ့အပြင် ဒေသခံပြည်သူတွေနဲ့ပါ ရန်းရင်းဆန်ခတ်ပြဿနာတွေအထိ ဖြစ်ပွားလာတဲ့အတွက် ယခုကဲ့သို့ တတိယအကြိမ် တားဆီးကန့်သတ်ခဲ့ရတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ယနေ့အချိန်ဟာ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အလွန်အရေးကြီးချိန်ဖြစ်တာနဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းမှုဟာ တကယ့်ကို မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့အပြင် ယနေ့ပြည်သူတစ်ရပ်လုံးမှာ အဓိကလိုလားချက် (၃)ရပ်ရှိတယ်လို့မြင်မိပါတယ်။ နံပါတ်(၁)ဆန္ဒက ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ်မြင်ချင်သလို အဲဒီဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့မိသားစုရဲ့ စားဝတ်နေရေးနဲ့ လူနေမှုဘဝမြင့်မားလိုကြပါတယ်။ နံပါတ်(၂)ဆန္ဒကတော့ ဒီနေ့ပြည်သူဟာ ဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဆူဆူပူပူ ရတ်ရတ်သဲသဲကြားမှာ မနေလိုတော့ပါဘူး။ ကိုယ်စီဘဝလုံခြုံစိတ်ချရတဲ့ အေးချမ်းတည်ငြိမ်မှုမျိုးကိုပဲ လိုလားပါတယ်။ နံပါတ်(၃)ဆန္ဒကတော့ ယနေ့ပြည်သူဟာ ဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်ဆောင်ရွက်ခွင့် ရလိုကြပါတယ်။ ဥပဒေရဲ့အရိပ် အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်မှုကိုပဲ လိုလားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွက်အလိုအပ်ဆုံးနဲ့ ပြည်သူတွေကလည်း အလိုလားဆုံးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုကို အထိပါးမခံနိုင်ပါဘူး။ ဒါကြောင့်လည်း အကောင်းဆုံးအခြေအနေကို ဖော်ဆောင်နိုင်ဖို့ ကြေညာချက်အမှတ်(၁/၂၀၀၇) ကို ထုတ်ပြန်ပြီး လမ်းခင်းပေးခဲ့တာဖြစ်ပါတယ်။ ကြေညာချက်(၁/၂၀၀၇)ဟာ အခြေအနေအားလုံးရဲ့ အခြေခံပင်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။**

နောက်ဆုံးနဲ့ ပဉ္စမအချက်ကတော့ ကုလသမဂ္ဂရဲ့ အကူအညီနဲ့ စီးပွားရေး၊ လူမှုရေးကိစ္စများ ဖြေရှင်းရန် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ အမျိုးသားစီးပွားရေးဖိုရမ်တစ်ခု တည်ထောင်ပေးရေးနဲ့ လူသားချင်းစာနာမှုအကူအညီပေးရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်သည့် ယန္တရားများ တည်ထောင်ရေးပဲဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ ယခင်ခရီးစဉ်မှာလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်၊ အဆွေတော်တို့ဘက်က အခုလိုကူညီမယ်ဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့သော် **ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအခက်အခဲဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းမှာ အဘက်ဘက်က ပိတ်ဆို့မှုတွေကြောင့်ပဲဖြစ်ပါတယ်။ အဲဒီစီးပွားရေးပိတ်ဆို့မှုတွေ၊ နိုင်ငံတကာအထောက်အပံ့၊ ချေးငွေပိတ်ဆို့ဖြတ်တောက်မှုတွေကို ရုပ်သိမ်းပေးအောင် အဆွေတော်တို့ဘက်က ဦးစွာကူညီဆောင်ရွက်ပေးမယ်ဆိုရင် အဆွေတော်တို့ ယခုပြောနေတဲ့ Economic Forum ဆိုတာထက် အများကြီးပိုပြီး ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ပိတ်ဆို့မှုတွေလုပ်ထားပြီး တစ်ဖက်က ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ကူညီပေးမယ်ဆိုတာ တကယ်တမ်းကျတော့ ဘယ်လိုမှ အဖြေမှန်ကိုရောက်နိုင်မှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။**

ဆက်လက်ပြီး တပ်မတော်အစိုးရရဲ့ နိုင်ငံရေးကြိုးပမ်းဆောင်ရွက်မှုများနဲ့ ဖြစ်ပေါ်တိုးတက်မှုများကို အကျဉ်းမျှရှင်းလင်းပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ခရီးစဉ်တိုင်းမှာ အကျယ်တဝင့်ဆွေးနွေးခဲ့ပြီးဖြစ်လို့ အားလုံးကို ခြုံငုံသဘောပေါက်နားလည်ပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

လက်ရှိအခြေအနေမှာ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၁၉–၂–၂၀၀၈ရက်နေ့မှာ အပြီးသတ် ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် မေလမှာ ပြည်သူ့ဆန္ဒခံယူအတည်ပြုနိုင်ဖို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သလို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ဆန္ဒခံယူပွဲဖြစ်မြောက်စေရန်လည်း စီမံဆောင်ရွက်သွားမည်သာဖြစ်ပါတယ်။ ဆန္ဒခံယူပွဲကျင်းပရာမှာ လည်းကောင်း၊ ရွေးကောက်ပွဲများမှာ လည်းကောင်း၊ ကျန်အဆင့်များ ဆောင်ရွက်ရာမှာလည်းကောင်း လက်ရှိအစိုးရကို ထောက်ခံသူများရော၊ ဆန့်ကျင်သူများပါ အခွင့်အရေးတန်းတူ အားလုံးပါဝင်ခွင့်ရှိတယ်ဆိုတာကိုလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံက အခြေခံပြဋ္ဌာန်းပေးတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုလည်း နောင်နှစ်နှစ်ခန့်အတွင်းမှာ အောင်မြင်အောင် ဖော်ဆောင်နိုင်တော့မှာဖြစ်ပါတယ်။ လွှတ်တော်ပေါ်လာတဲ့ အခါမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက် ကျယ်ပြန့်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို လုပ်နိုင်ကြမှာဖြစ်ပါတယ်။

**ယခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအရှိတရားကို အခြေခံပြီး ရေးဆွဲပြုစုထားခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ အရှိတရားကိုကျော်လွန်ပြီး ဖွတ်အတင်း အကောင်အထည်ဖော်မယ်ဆိုရင် အကျိုးထက်အပြစ်ကပိုပြီးများဖို့ပဲ ရှိပါလိမ့်မယ်။ ယခုအခြေခံဥပဒေကို ခြုံပြီး လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ယခင်အခြေခံဥပဒေတွေထက် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးတွေ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးတွေ ပိုမိုအပ်နှင်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအပိုင်းနဲ့ ပတ်သက်ပြီး ၁၉၄၇ခုနှစ်ဥပဒေမှာ ပုဒ်မ ၂၃ခု၊ ၁၉၇၄ခုနှစ်ဥပဒေမှာ ပုဒ်မ ၂၆ ခုသာ ပါဝင်ခဲ့ပေမယ့် ယခုဥပဒေမှာတော့ ပုဒ်မ ၅၀ အထိ တိုးတက်ပါဝင် ပြဋ္ဌာန်းပေးထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။**

ယခင်ဥပဒေများမှာ တိုင်းရင်းသားများရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး အားနည်းချက်၊ ချို့ယွင်းချက်တွေရှိခဲ့တဲ့အတွက် ပြည်တွင်းသောင်းကျန်းမှုပြဿနာများ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းသားများအတွက် လက်ရှိအခြေအနေအရ အဖြစ်နိုင်ဆုံးအခွင့်အရေးများရရှိအောင် ဖော်ဆောင်ပေးထားပါတယ်။ ၁၉၄၇ခုနှစ် ဥပဒေမှာ ကချင်၊ ကယား၊ကရင်နဲ့ ရှမ်းတိုင်းရင်းသား ၄ မျိုးအတွက်သာ ပြည်နယ်ရရှိခဲ့ပြီး ၁၉၇၄ခုနှစ်ဥပဒေမှာတော့ ချင်း၊ မွန်နဲ့ ရခိုင်တိုင်းရင်းသားများအတွက်ပါ ပြည်နယ်များ ထပ်မံရရှိခဲ့ပါတယ်။ ယခုအခြေခံဥပဒေမှာတော့ ပြည်နယ် ၇ ခုအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၅ ခုတိုးတက်ရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးစုများအနေနဲ့ မိမိဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လွှတ်တော်များကိုလည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်များနဲ့ ပြည်နယ်တရားလွှတ်တော်များကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရကြမှာဖြစ်ပါတယ်။ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအလိုက် ဦးစီးအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ခွင့်အာဏာတို့ကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခွင့် ရကြမှာပဲဖြစ်ပါတယ်။

ထို့ပြင်မက တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများမရှိတဲ့၊ လူဦးရေနည်းတဲ့ တိုင်းရင်းသားများအနေနဲ့လည်း သူတို့ရဲ့ လူဦးရေဟာ တစ်နိုင်ငံလုံးရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရင် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များမှာ ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိပြီး ဥပဒေပြုခွင့်ရကြမှာဖြစ်ပါတယ်။ အလားတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များမှာ လူမျိုးစုရေးရာဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိမှာဖြစ်ပါတယ်။ လူနည်းစု တိုင်းရင်းသားများအနေနဲ့လည်း သူတို့ရဲ့လူဦးရေဟာ တစ်သောင်းကျော်မယ်ဆိုရင် မိမိတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များမှာ ကိုယ်စားလှယ် ပါဝင်ဆောင်ရွက်ခွင့်ရကြမှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီ**အခြေခံဥပဒေဟာ ထာဝစဉ် တစ်သမတ်တည်း ဒီအတိုင်းသွားဖို့ မဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် ယနေ့ ဒီမိုကရေစီထွန်းကားနေပါပြီဆိုတဲ့ နိုင်ငံကြီးတွေမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီ အခွင့်အလမ်းများဟာ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲလာပြီးမှ လက်ရှိ ဒီမိုကရေစီအဆင့်အတန်းကို ရောက်ရှိကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အလားတူ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲကြရမှာပဲဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်တိုးတက်လာတာနဲ့အမျှ၊ ဒီမိုကရေစီကို ကျင့်သုံးတဲ့ ပြည်သူများ ရင့်ကျက်ပြည့်ဝလာတာနဲ့အမျှ ဒီမိုကရေစီ အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမည်သာဖြစ်ပါတယ်။ အဲဒါကို ရည်ရွယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်များနဲ့အညီ နောင်တစ်ချိန်ပေါ်ပေါက်လာမယ့် လွှတ်တော်များအတွင်းမှာ ညှိနှိုင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခွင့်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။**

**ဒီအချက်တွေကိုကြည့်မယ်ဆိုရင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ ဒီနေ့၊ ဒီအချိန်မှာ အကောင်းဆုံးနဲ့ အသင့်မြတ်ဆုံးဖြစ်ကြောင်း ပေါ်လွင်နေပါတယ်။ ကျွန်တော်တို့ကတော့ ဒီအခြေခံဥပဒေကိုအခြေခံပြီး ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် မမိုတ်မသုန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။**

အခြေခံဥပဒေရေးဆွဲမှုနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံရဲ့ (၁၇)ကြိမ်မြောက် အခြေခံဥပဒေရေးဆွဲမှုကို ဥပမာပေး နှိုင်းယှဉ်ပြလိုပါတယ်။ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီက အခြေခံဥပဒေရေးဆွဲရေး ညီလာခံအတွက် သင့်လျော်သူ ၂၀၀၀ ကို စတင်ရွေးချယ်ပေးခဲ့ပါတယ်။ အဲဒီအဖွဲ့ဝင် ၂၀၀၀ အနက်မှ အချင်းချင်းမဲပေးပြီး မဲအများဆုံးရရှိသူ ၂၀၀ ရဲ့ အမည်စာရင်းကို တင်သွင်းရပါတယ်။ အမျိုးသားလုံခြုံရေးကောင်စီကနေ အဲဒီ ၂၀၀ ထဲက သင့်တော်သူ ၁၀၀ ကိုရွေးချယ်ပြီး အခြေခံဥပဒေရေးဆွဲရေး ညီလာခံကိုယ်စားလှယ်များအဖြစ် ခန့်အပ်ခဲ့ပါတယ်။ အဲဒီ ၁၀၀ ကနေပြီး အဖွဲ့ဝင်မဟုတ်သူများ အတွင်းမှ အခြေခံဥပဒေမူကြမ်း ပြုစုရေးကော်မတီဝင် ၂၅ ဦးကို ရွေးချယ်ပေးရပြီး အမျိုးသားလုံခြုံရေး ကောင်စီက နောက်ထပ် ၁၀ ဦး ရွေးချယ်ခန့်အပ်ပါတယ်။ အဆိုပါ ကော်မတီဝင်များဟာ လွန်ခဲ့သည့် ၂ နှစ်အတွင်း နိုင်ငံရေးပါတီ တစ်ခုခုတွင် ပါဝင်သူမဖြစ်ရဘူးလို့ ကန့်သတ်ထားခဲ့ပါတယ်။ အဆိုပါ ၃၅ ဦးပါ ကော်မတီကသာ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာတော့ ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်ပါဝင်ပြီး အခြေခံမူများ ညှိနှိုင်းဆုံးဖြတ်ချမှတ်ကာ အဲဒီအခြေခံမူများကိုအခြေခံလျက် အဖွဲ့ဝင် ၅၄ဦးပါ ကော်မရှင်က ပြုစုရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ အချိန်ယူပြင်ဆင်မှု၊ အလေးအနက်ထား ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှုအပိုင်းတွေမှာ အများကြီးကွာခြားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ အထက်လွှတ်တော်မှာ ကိုယ်စားလှယ် ၁၅၀ ပါဝင်ပြီး ပြည်နယ် ၇၆ ပြည်နယ်မှ တစ်ဦးကျစီနဲ့ အမတ် ၇၆ဦးကို ရွေးကောက်တင်မြှောက်စေပြီး ကျန် ၇၄ဦးကို အသိပညာရှင်၊ အတတ်ပညာရှင်၊ အစိုးရအမှုထမ်းများနဲ့ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များကို ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်ခန့်ထားပေးပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုက်ရိုက်ခန့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းပါဝင်ချိန်မှာ သူတို့ဆီမှာ တိုက်ရိုက်ခန့်ကိုယ်စားလှယ် ၅၀ရာခိုင်နှုန်းနီးပါး ပါဝင်နေတာ တွေ့ကြရမှာဖြစ်ပါတယ်။

အခုဆိုရင် **ထိုင်းနိုင်ငံရဲ့အခြေခံဥပဒေကို ထိုင်းပြည်သူများက အတည်ပြုပြီး စတင်ကျင့်သုံးနေပြီဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအခြေခံဥပဒေကိုရေးဆွဲရာမှာ PPP ပါတီနဲ့ အတိုက်အခံ ဒီမိုကရက်ပါတီတွေက ကိုယ်စားလှယ်တစ်ယောက်မှ ပါဝင်ခွင့်မရခဲ့ပါဘူး။ ပိုပြီးထင်ရှားအောင် ဥပမာပြရမယ်ဆိုရင် အီရတ်မှာ အခြေခံဥပဒေရေးဆွဲတုန်းက အမေရိကန်ကိုဆန့်ကျင်တဲ့ ရှီးယိုက်စစ်သွေးကြွတွေရော၊ အယ်လ်ကေဒါနဲ့ အဆက်အသွယ်ရှိတဲ့ ဆွန်နီစစ်သွေးကြွတွေရော လုံးဝပါဝင်ခွင့်မရခဲ့သလို အာဖဂန်နစ္စတန်မှာလည်း အခြေခံဥပဒေရေးဆွဲရာမှာ တာလီဘန်တွေ လုံးဝပါဝင်ခွင့်မရခဲ့ပါဘူး၊ အဲဒီဖြစ်စဉ်များတုန်းက တစ်ခွန်းတစ်ပါဒမျှ ကန့်ကွက်ပြောဆိုခဲ့တာမျိုး မကြားမိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေကျမှ ဘယ်သူဘယ်ဝါမပါလို့ဆိုပြီး ဝေဖန်ပြောဆိုနေတာတွေဟာ သဘာဝမကျဘူးလို့ ထင်မြင်ယူဆမိပါတယ်။**

**တစ်ဆက်တည်းပြောလိုတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ယနေ့အခြေအနေဟာ နိုင်ငံတကာကို ခြိမ်းခြောက်နိုင်ဖို့မဆိုထားနဲ့ ဒေသတွင်းနိုင်ငံများရဲ့**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

## ၈–၃–၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ ရခိုင်ချောင်တံတား
- ၈:၂၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၁၂)**
- ၁:၁၀ ၆။ **"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ" (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ သဇင်၊ ပုလဲဝင်း၊ ဖူးစုံ) [ဒါရိုက်တာ–မြင့်စိုး (ဝ/သရန်ကုန်]**
- ၁:၃၅ ၇။ မိတ္ထီလာဝါကြိတ်စက်ရုံနှင့် ဂွမ်းမွှေးနှင့် ချည်အရည်အသွေး စမ်းသပ်ခြင်း
- ၁:၅၀ ၈။ အတီးပြိုင်ပွဲ
- ၂:၀၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၂၀ ၁၀။ **"သတိနဲ့ယှဉ်အသိနဲ့ပြင်" (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ဟန်နီထွန်း၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၂:၃၅ ၁၁။ ဇိုက္ကရဲရေထိန်းတံခါး
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ ခုနှစ်)
- ၄:၅၅ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၁၀ ၆။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၅:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ အလှူရှာမယ်၊ လှူကမ္ဘာဝယ်
- ၇:၀၀ ၁၁။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း–၁၉)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း–၇)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

✱ စာမျက်နှာ ၉ မှ

**တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုကိုတောင် ခြိမ်းခြောက်မှုတစ်စုံတစ်ရာမရှိပါဘူး။ ဒါကို အာဆီယံနိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအားလုံးက ထောက်ခံခဲ့ကြပြီးဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ နိုင်ငံအချို့မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ အလွန်ပဲပြင်းထန်ဆိုးရွားပြီး နိုင်ငံတကာ လုံခြုံရေးနဲ့ငြိမ်းချမ်းရေးကို အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံထက် များစွာပိုမိုဆိုးရွားနေတယ်ဆိုတာကိုလည်း ထင်ထင်ရှားရှားတွေ့ရှိနိုင်ပါတယ်။ သို့သော်လည်း ဒီလို နိုင်ငံတကာ ပြဿနာတွေကိုတော့ ကိုင်တွယ်ဖြေရှင်းမှုမပြုလုပ်ဘဲ ကျွန်တော်တို့နိုင်ငံကိုသာ အဘက်ဘက်က ဖိအားပေးထိုးနှက်နေတာဟာ တရားမျှတမှုမရှိဘူးလို့ ယူဆပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ ကျောသားရင်သား မခွဲခြားဘဲ အရာရာမှာဖြောင့်မတ်တည်ကြည်မှန်ကန်မျှတစွာ ရပ်တည်ဆောင်ရွက်သင့်လှပါတယ်။**

ဒါကြောင့် ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူရဲ့ ပကတိအရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင် ဒီမိုကရေစီ ဖော်ဆောင်နေမှုကို အဆွေတော်တို့ဘက်က အောင်မြင်သည်ထက် အောင်မြင်အောင် ဝိုင်းဝန်းကူညီသင့်လှပါတယ်။ အဲဒီလို ဝိုင်းဝန်းကူညီပံ့ပိုးခြင်းအားဖြင့် မြန်မာပြည်သူအားလုံးကရော၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာကရော၊ ဆန့်ကျင်ဘက်အဖွဲ့များကရော လိုလားနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးအောင်မြင်အောင် ဖော်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။ ပံ့ပိုးကူညီရမယ့်အစား ဝေဖန်ကန့်ကွက်မှုတွေ၊ ပိတ်ဆို့ဟန့်တားမှုတွေကို အားပေးအားမြှောက်ပြုနေမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီပန်းတိုင်ကို ဝေးသည်ထက်ဝေးအောင်၊ အချိန်ကြာသည်ထက် ကြာအောင်လုပ်နေတာနဲ့ အတူတူပါပဲ။ ဒါကြောင့် ဒီအခြေအနေတွေကို အပြည့်အဝ နားလည်သဘောပေါက်ပြီး အမှန်တရားဘက်က ရပ်တည်ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါ့အပြင် NLD နဲ့ အပေါင်းပါတွေကိုလည်း မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်မှုမှာ ရောက်တဲ့နေရာကနေ ပူးပေါင်းဆောင်ရွက်သွားဖို့၊ ဒီမိုကရေစီ ဖော်ဆောင်ပြီးချိန်မှာ သတ်မှတ်ထားတဲ့ မူဝါဒတွေ၊ ဥပဒေတွေနဲ့ အညီ ဒီမိုကရေစီယှဉ်ပြိုင်မှုအတွက် ခြေလှမ်းသစ်တွေ စတင်ကြဖို့ တွန်းအားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။

တစ်ဆက်တည်း NLD ရဲ့ ဆန့်ကျင်တောင်းဆိုမှုတွေကိုလည်း ရှင်းပြလိုပါတယ်။ NLD အနေနဲ့ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲထားရေးနဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ဗျူဟာတွေချပြီး ဆန့်ကျင်လုပ်ဆောင်နေပါတယ်။ တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်ပြီး ရှေ့ပိုင်းမှာ ကျွန်တော်ပြောခဲ့တဲ့ အစိုးရအဖွဲ့ရဲ့ ကြေညာချက် (၁/၂၀၀၇) ဟာ တွေ့ဆုံဆွေးနွေးမှု အောင်မြင်ရေးရဲ့ အခြေခံပဲဖြစ်ပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးရေးကိစ္စကို ထပ်ပြီးမရှင်းတော့ပါဘူး။ သို့သော် ၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ဆိုတဲ့ကိစ္စကို အနည်းငယ်ရှင်းပြလိုပါတယ်။ ၁၉၉၀ ပြည့်နှစ်ကာလမှာ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၄၂သန်းမျှသာရှိပြီး မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀ကျော်သာရှိခဲ့ပါတယ်။ ရွေးကောက်ပွဲကို လာရောက်ဆန္ဒမဲပေးခဲ့သူ ၁၅သန်း ကျော်ရှိခဲ့ပြီး NLD ကိုယ်စားလှယ်တွေဟာ ထောက်ခံမဲ ၇သန်းကျော် ရရှိခဲ့ပါတယ်။ ဒါကြောင့် NLD ရရှိတဲ့မဲဟာ မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရပါတယ်။ NLD ဟာ မဲဆန္ဒနယ်အတော်များများမှာ နိုင်ခဲ့တာမှန်ပေမယ့် ပြည်သူအများစုရဲ့ ထောက်ခံမှုရတာတော့မဟုတ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

လက်ရှိရွေးချယ်ခံရသူများရဲ့ အခြေအနေကိုကြည့်ရင်လည်း NLD ဟာ မဲဆန္ဒနယ်မြေ ၄၈၅ ခုအနက် ၃၉၂ နေရာ အနိုင်ရရှိခဲ့ပေမယ့် တစ်သီးပုဂ္ဂလသို့ ပြောင်းလဲသူ၊ ကွယ်လွန်သူ၊ နုတ်ထွက်သူ၊ အရည်အချင်းပျက်ယွင်းသူ၊ တည်ဆဲဥပဒေများကို ဖောက်ဖျက်သဖြင့် ပြစ်ဒဏ်ကျခံရသူ၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသူ စုစုပေါင်း ၃၁၂ ဦး ရှိခဲ့တဲ့အတွက် လက်ကျန်ကိုယ်စားလှယ် ၈၀ သာကျန်ပါတယ်။ NLD အပြင် အခြားပါတီများနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များပါ ထည့်သွင်းတွက်ချက်ပါက စုစုပေါင်း လက်ကျန်ကိုယ်စားလှယ်ဟာ ၁၂၀ ဖြစ်တဲ့အတွက် ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်းရဲ့ ၂၄ ရာခိုင်နှုန်းကျော်သာရှိမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေတွေကို လေ့လာမယ်ဆိုရင် လွှတ်တော်ခေါ်ယူရန်အတွက် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံမှ တောင်းဆိုရန်လိုအပ်တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဥပဒေမှာလည်း လွှတ်တော်ကိုယ်စားလှယ် ၃၄ ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီမှ လွှတ်တော်အစည်းအဝေးကို အမြန်ဆုံးခေါ်ယူပေးရမယ်လို့ ပါရှိပါတယ်။ ဒါကြောင့် NLD ကိုယ်စားလှယ် ၈၀ ရဲ့ လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုမှုဟာ ယခင်စံနှုန်းများ၊ နိုင်ငံတကာစံများနဲ့ ဘယ်လိုမှမကိုက်ညီတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်တစ်ရပ်ရဲ့သက်တမ်းဟာ များသောအားဖြင့် အနည်းဆုံး (၄)နှစ်မှ အများဆုံး (၅)နှစ် အထိသာ ထားလေ့ရှိကြတာမို့ ကာလအားဖြင့်လည်း များစွာကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီနေ့အချိန်အခါမှာ ကျွန်တော်တို့ပြည်သူတွေရဲ့ ပညာ၊ အသိ၊ ခံယူချက် သဘောထားတွေဟာ ၉၀ ပြည့်နှစ်အချိန်တုန်းကနဲ့ ဘာမှမဆိုင်အောင် များစွာတိုးတက်ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ အဲဒီတုန်းက ပုခက်တွင်းက ကလေးငယ်တွေဟာ အခုအချိန်မှာ (၁၈)နှစ်ပြည့်မြောက်ခဲ့ပြီး မဲပေးခွင့်ရှိတဲ့အရွယ် ရောက်လာကြပြီဖြစ်ပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၈ နှစ်တုန်းက ရလဒ်ကို တရားသေဆုပ်ကိုင်ပြီး မဆင်မခြင်တောင်းဆိုနေတာဟာ ဘယ်လိုမှ သဘာဝမကျတဲ့ တောင်းဆိုမှုသာဖြစ်ပါတယ်။ NLD အနေနဲ့ ဒီလို သဘာဝမကျတဲ့၊ ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ တစ်ဖက်သတ်တောင်းဆိုမှုတွေကို စွန့်လွှတ်သင့်ပြီဖြစ်ကြောင်း အဆွေတော်ကတစ်ဆင့် အသိပေးပြောကြားလိုပါတယ်။

ဆက်လက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနဲ့ အဆွေတော်ရဲ့ အခန်းကဏ္ဍကို ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ တိုးတက်ဆောင်ရွက်နေမှုအပေါ် ကြိုဆိုထောက်ခံအသိအမှတ်ပြုသည့်နည်းတူ ဒီလုပ်ငန်းစဉ်တွေ အောင်မြင်ပြီးမြောက်စေဖို့အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ Good Offices အနေနဲ့ မှန်ကန်စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ပြည်သူအများက ယုံကြည်မျှော်လင့်လျက်ရှိကြပါတယ်။ ဒါကြောင့်လည်း ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။

ပြီးခဲ့တဲ့အခေါက် စတုတ္ထအကြိမ်ခရီးစဉ်မှာ အဆွေတော်ရဲ့ အကြံပြုချက်များအတိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရေးအတွက် ဝန်ကြီးဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခြင်း၊ ညမထွက်ရအမိန့်များ ပြန်လည်ရုပ်သိမ်းပေးခြင်း၊ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအများအပြားကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး လွှတ်ပေးခြင်း၊ အဆွေတော်တွေ့ဆုံလိုတဲ့ လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများကိုလည်း အများဆုံး တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးခြင်း စသည်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်နဲ့ အဆွေတော်တို့အပေါ် အလေးအနက်ထားမှု၊ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်လိုမှုများကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါ့အပြင် အဆွေတော်အား ကျွန်တော်တို့ပြည်တွင်းမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပကတိ အခြေအနေမှန်များကို ထင်သာမြင်သာရှိအောင် ပြသပေးခဲ့ပါတယ်။ ဆန့်ကျင်လိုသူများရဲ့ သွေးထိုးဖန်တီးမှုများကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ စက်တင်ဘာလဖြစ်စဉ်များရဲ့ အခြေအနေမှန်များကိုလည်း မခြွင်းမချန် ရှင်းပြခဲ့ပါတယ်။ ဒါ့အပြင် စက်တင်ဘာလဖြစ်စဉ်ဟာ ရန်ကုန်၊ မန္တလေး စတဲ့ နေရာအနည်းငယ်မှာသာ ပြည်သူနဲ့ ရဟန်းအနည်းငယ်က ဆူပူလှုပ်ရှား ခဲ့တာဖြစ်ပြီး ကျန်တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းနေတာတွေ၊ ပြည်သူအများစုက ဆူပူမှုကိုလုံးဝမလိုလားဘဲ လက်ရှိအခြေ အနေအပေါ်မှာ ကျေနပ်အားရ ပျော်ရွှင်နေပုံတွေ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေမှု၊ အေးချမ်းစည်ပင်နေမှုတွေကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရအောင် ပို့ဆောင်ပြသပေးခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားညီလာခံ အောင်မြင်ပြီးစီးခြင်းနဲ့အတူ အဲဒီညီလာခံကြီးက ချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ပြည်သူအများစုက ညီညာဖြိုဖြို ကြိုဆိုထောက်ခံနေမှုများကိုလည်း ကြုံကြိုက်တုန်း တစ်ပါတည်း အသိပေးပြသခဲ့ပါတယ်။

ဒါဟာ ဆန့်ကျင်သူ လူနည်းစုက ပြောနေတဲ့အချက်တွေနဲ့ တကယ့်လက်တွေ့ အခြေအနေမှန်တွေ၊ ပြည်သူအများစုရဲ့ သဘောထားတွေကို မြင်စေ၊ သိစေ၊ နားလည်သဘောပေါက်စေလိုတဲ့ စေတနာအရင်းခံနဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဆွေတော်အနေနဲ့ ပကတိအခြေအနေမှန်တွေကို မျက်မြင်ကိုယ်တွေ့ လေ့လာသုံးသပ်ပြီး ဖိအားအနှောင်အဖွဲ့ကင်းစွာဖြင့် အမှန်တရားဘက်က မှန်မှန်ကန်ကန် မျှမျှတတ တရားသဖြင့် ရပ်တည်ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ခဲ့ပါတယ်။

ဒါပေမယ့် တကယ့်လက်တွေ့ရလဒ်ကတော့ ဒီလိုမဟုတ်ခဲ့ပါဘူး။ စင်ကာပူအရောက်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားကြေညာချက် ဆိုတာကို အဆွေတော်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ထုတ်ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နှစ်ဖက်ယုံကြည်မှု တည်ဆောက်နေချိန်မှာ ချင့်ချိန်ခြင်းမရှိဘဲ အခုလို ဆောင်ရွက်ခဲ့တာကို ဘာမှမပြောလိုပေမယ့် ဒီကိစ္စမှာ အဆွေတော် ပါဝင်ပတ်သက်နေတာကိုတော့ အထူးပင်အံ့ဩမိသလို စိတ်မကောင်းလည်းဖြစ်မိပါတယ်။ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးသူ Mediator အဖြစ် ကျွန်တော်တို့ဘက်က ယုံယုံကြည်ကြည်လက်ခံဆက်ဆံခဲ့ပေမယ့် အဆွေတော်ဘက်ကတော့ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးသူ အလုပ်ကိုကျော်လွန်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ပြည်သူအများစုက ဒါဟာ ဘက်လိုက်ဆောင်ရွက်တာပဲလို့ ဝေဖန်ခဲ့ကြပါတယ်။ တချို့ကဆိုရင် အဆွေတော်ဟာ အဲဒီထုတ်ပြန်ချက်စာသားကို ကြိုတင်ရေးယူလာပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ညှိနှိုင်းထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ယုံမှတ်ခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား အဆွေတော်ထုတ်ပြန်ပေးခဲ့တဲ့ အဲဒီသဘောထား ကြေညာချက်ကြောင့် ကျွန်တော်တို့နိုင်ငံအတွင်းမှာ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ထိခိုက်စေပြီး မလိုလားအပ်တဲ့ အနှောင့်အယှက်အခက်အခဲတွေ၊ တိုင်းရင်းသားများအကြား စိတ်အနှောင့်အယှက်ဖြစ်စရာ ရှုပ်ထွေးမှုတွေ ပေါ်ပေါက်ခဲ့ရပါတယ်။ အဲဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်က "ယခုအချိန်တွင် မိမိသည် အခြားနိုင်ငံရေးပါတီများ၊ နိုင်ငံရေး အင်အားစုများ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို တတ်နိုင်သမျှ ကျယ်ပြန့်စွာ အစဉ်တစိုက် အလေးအနက်ထား စဉ်းစားပေးရန် တာဝန်ရှိသည်ဟု ခံယူပါသည်"ကို သိမ်းသွင်းပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ တကယ်တော့ အခြားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်အောက်ခံပါတီ၊ အဖွဲ့အစည်းများမဟုတ်ကြပါဘူး။ ဒါကြောင့် သူတို့အရေး၊ သူတို့ လိုလားချက်တွေကို သူတို့ဘာသာဆောင်ရွက်မယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ့်သဘောနဲ့ကိုယ် ထုတ်ပြန်တဲ့ ကြေညာချက်ကိုလက်မခံဘူး၊ ဒါကြောင့် ဆန့်ကျင်ရှုတ်ချတယ်ဆိုပြီး တိုင်းရင်းသားပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြင်းပြင်းထန်ထန် ကန့်ကွက် တုံ့ပြန်ခဲ့ကြပါတယ်။ အဆွေတော်ထုတ်ပြန်ပေးခဲ့တဲ့ ကြေညာချက်ဟာ နိုင်ငံတော်ရဲ့ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေခဲ့တဲ့အပြင် ရရှိထားပြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်တဲ့အထိ အန္တရာယ်ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပြီးတည်ငြိမ်မှု၊ စည်းလုံးမှုကို မထိခိုက်စေရအောင် ဆောင်ရွက်ပေးခဲ့ရပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကိုလည်း ထည့်သွင်းဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ နားလည်မိသလောက် ပြောရရင် အဆွေတော်ကို ကျွန်တော်တို့နိုင်ငံနဲ့စပ်လျဉ်းပြီး အထွေထွေအတွင်းရေးမှူးချုပ်က ၎င်းရဲ့ Good Offices ကို ကျင့်သုံးရန် General Assembly Resolution 61/232 ဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ Good Offices နဲ့ ပတ်သက်သော Responsibilities and Mandates များအတိုင်းသာ ဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ Good Offices ဆိုတာ ဘက်မလိုက်သော အကြံပေးသူ [Impartial Advisor] ကိုသာ ရည်ညွှန်းတယ်၊ Good Offices သည် အငြင်းပွားသူနှစ်ဦးကို အကြံပေးခြင်းသာဖြစ်ပြီး အကြံပေးချက်သည် စည်းနှောင်အားမရှိရဘူးလို့ နားလည်ထားပါတယ်။ Good Offices ကို သုံး၍ ကြားဝင်ဆောင်ရွက်ပေးသူဟာ ကြိုတင်ပုံသွင်းလိုသော ရည်ရွယ်ချက်များမရှိရန် အရေးကြီးပါတယ်။ ဒါမှသာ တရားမျှတတဲ့အဖြေကို ရရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံကို မလာရောက်မီ အနောက်အုပ်စုအပါအဝင် နိုင်ငံအချို့ကို လှည့်လည်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ၁၀၀ (၁) အရ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ ဝန်ထမ်းများဟာ တာဝန်ထမ်းဆောင်ရာမှာ ကုလသမဂ္ဂပြင်ပရှိ မည်သည့်အစိုးရ (သို့မဟုတ်) မည်သည့်အဖွဲ့အစည်း အာဏာပိုင်များထံမှ ညွှန်ကြားချက်ကို ရှာဖွေခြင်း (Seek) သို့မဟုတ် လက်ခံခြင်း (Receive) မပြုလုပ်ရဘူးလို့ ကျွန်တော်တို့နားလည်မိပါတယ်။ အဲဒီနိုင်ငံတွေမှာ အဆွေတော်အနေနဲ့ Impartial Advisor ပီသစွာနဲ့ ဖြောင့်မတ်မှန်ကန်မျှတစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့လိမ့်မယ်လို့ပဲ ယုံကြည်ပါတယ်။ ဒီလိုမဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံအပေါ် အနောက်အုပ်စုဘက်က ပြောကြားချက်များအတိုင်း ပုံစံသွင်းဖို့ကြိုးစားလာမယ်ဆိုရင်တော့ Impartial Advisor ခေါ် ဘက်မလိုက်အကြံပေးခြင်းနဲ့ ညီညွတ်မှုပျက်ပြယ်သွားမှာကို အထူးပဲစိုးရိမ်မိပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့လည်း အနောက်အုပ်စုရဲ့ ဩဇာလွှမ်းမိုးမှုမပါဘဲ ရင်းနှီးပွင့်လင်းခင်မင်စွာ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ဆွေးနွေးဖလှယ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**ကျွန်တော်တို့အနေနဲ့ အချိန်များစွာ၊ လုပ်အားနဲ့ အကြံဉာဏ်များစွာရင်းနှီးပြီး လုပ်ဆောင်ခဲ့ရတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့် (၄)ရောက်တဲ့အချိန်ကျမှ အဆင့် (၁)ကနေ နောက်တစ်ဖန်ပြန်စဖို့ တောင်းဆိုလာခြင်းကို လိုက်လျောသင့်၊ မသင့် စဉ်းစားကြည့်စေလိုပါတယ်။ သို့သော် နောင်လာမယ့်အဆင့်များမှာ ဥပဒေနဲ့အညီ ပါဝင်ခွင့်ရှိသူအားလုံး လွတ်လပ်မျှတစွာ ပါဝင်နိုင်မယ့်အခွင့်အရေးကိုလည်း ပေးထားပြီးဖြစ်ပါတယ်။ ယခုကဲ့သို့ အထူးသိမ်မွေ့နက်နဲတဲ့ အခြေအနေမျိုးမှာ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးမှုဟာ နိုင်ငံနဲ့ပြည်သူအားလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတာ အလွန်ပဲထင်ရှားလှပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့ မည်သည့်ကိစ္စရပ်မျိုးမဆို အထူးသတိထားပြီး ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားရမှာသာဖြစ်ပါတယ်။ ဒါကြောင့် မူဝါဒလမ်းစဉ် (၇)ရပ်ကို မထိခိုက်စေဘဲ နှစ်ဖက်အကျိုးရှိစေမယ့် Win-Win Solution နည်းလမ်းအတိုင်း ကျင့်သုံးသွားမှာဖြစ်ပြီး ဤနည်းလမ်းသည်သာ ယခုအချိန်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် ရွေးချယ်သင့်တဲ့ လမ်းကြောင်းအမှန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

ပြန်လည်ခြုံငုံ ပြောကြားရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဟာ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦး **တစ်ယောက် လက်ခံနိုင်အောင် ရည်ရွယ်ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနဲ့ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ပြည်သူအများစုလက်ခံနိုင်အောင် ရေးဆွဲထားခြင်းဖြစ်လို့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကိုပဲ ကျွန်တော်တို့ ရယူသွားမှာဖြစ်ပါတယ်။ တစ်စုံတစ်ရာ အနှောင့်အယှက် အဟန့်အတားမရှိဘူးဆိုရင် ၂ နှစ်ခန့် ကာလအတွင်း ပြည်သူအားလုံးနဲ့ နိုင်ငံတကာက လိုလားမြင်တွေ့လိုတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ရောက်ရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မျှော်လင့်တဲ့အတိုင်းဖြစ်လာအောင်လည်း မလျှော့သောဇွဲလုံ့လနဲ့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ မကြာမီကျင်းပမယ့် ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲတွေမှာလည်း ပြည်သူအားလုံး ပါဝင်နိုင်အောင်လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ် လုပ်ငန်းစဉ်များကို နှောင့်နှေးအောင်၊ နောက်ပြန်လည်သွားအောင် ရည်မှန်းကြိုးစားလာတာမျိုးကိုလည်း ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ပါဘူး။ သို့သော် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်ရာမှာ ကုလသမဂ္ဂအနေနဲ့ အပြုသဘော ပါဝင်ဆောင်ရွက်မှုကို ကျွန်တော်တို့က လိုလိုလားလား လက်ခံကြိုဆိုမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

နိဂုံးချုပ်အနေနဲ့ ပြောရရင် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ သိမ်မွေ့နက်နဲ ကျယ်ပြန့်တဲ့ နိုင်ငံရေး၊လူမျိုးရေး အခြေအနေမှန်များကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလို သိရှိနားလည်မှုများကိုအခြေခံပြီး မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားတွေကို ချိန်ထိုးသုံးသပ်ကာ ဘက်လိုက်မှုကင်းတဲ့၊ သင့်တော်လျောက်ပတ် မျှတတဲ့ အကြံဉာဏ်များပေးမယ်၊ ပံ့ပိုးကူညီဆောင်ရွက်မယ်ဆိုရင်တော့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးရဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အကျိုးပြုတဲ့ ပါဝင်ဆောင်ရွက်မှုများအဖြစ် အမြဲအသိအမှတ်ပြု ကျေးဇူးတင်နေမှာသာဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးရဲ့ အကျိုးပြုတဲ့ ပါဝင်ဆောင်ရွက်မှုများကို တစ်ဖက်က ကြိုဆိုလက်ခံရင်း တစ်ဖက်ကလည်း အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ။

## မစ္စတာဂမ်ဘာရီ၏ ပြန်လည်ပြောကြားချက်များ

၎င်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မိမိသည် မြန်မာနိုင်ငံဘက်မှ အစဉ်တစိုက်ရပ်တည်တင်ပြ အကျိုးဆောင်ပေးသူအဖြစ် ယုံကြည်ခံယူထားပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ယခုအတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များကို အထွေထွေအတွင်းရေးမှူးချုပ်ထံ ဆက်လက်တင်ပြမှာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှုအတွက် Time Frame ထုတ်ပြန်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်မည်ဆိုပါက ပို၍ကောင်းမည်ထင်ပါကြောင်း၊ မြန်မာနိုင်ငံ၏အရေးသည် မြန်မာနိုင်ငံသားအားလုံး၏ အရေးဖြစ်သည့်အတွက် မြန်မာနိုင်ငံသားအားလုံးကသာ ဆောင်ရွက်ရမည်ဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အလေးထားပူးပေါင်းဆောင်ရွက်နေမှုများကို မိမိတို့ အသိအမှတ်ပြုပါကြောင်းနှင့် မိမိတို့ဘက်မှလည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

ထို့နောက် Mr. Ibrahim Agboola Gambari သည် မွန်းလွဲ ၁ နာရီခွဲတွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။

ယင်းနောက် Mr. Ibrahim Agboola Gambari သည် ညနေ ၅နာရီတွင် ဆူးလေဘုရားလမ်းရှိ ဘင်္ဂါလီ စွန္နီဂျာမေဗလီ ဝတ်ကျောင်း၌ ဝတ်ပြုဆုတောင်းသည်။

ညပိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က Mr. Ibrahim Agboola Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

# အသည်းကောင်းလို့ ပွဲတောင်းလာသည့် လုံးချောနှင့် ရွှေဆိုင်းတို့၏ ချန်ပီယံ စိန်ခေါ်ပွဲကြီး

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ စူပါကွေကာ (Shwe Super Light Co., Ltd.) ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ကိုစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်) စီစဉ်သည့် "စူပါကွေကာ မြန်မာပြည်ချန်ပီယံစိန်ခေါ်ပွဲကြီး" (အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်-၂)ကို မတ် ၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ပထမတန်းချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ ရင်ဆိုင်ယှဉ်ပြိုင်ကြမည့်ပွဲကြီး ပါဝင်မည်ဖြစ်သည်။

ရွှေဆိုင်းသည် ၂၀၀၆ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ မစတင်မီ ရိုးရာလက်ဝှေ့ ထိုးသတ်ခြင်းမှ အနားယူလိုက်ချိန်ထိ ရှုံးပွဲမရှိခဲ့ဘဲ နောက်ဆုံးထိုးသတ်ခဲ့သည့် လုံးချောနှင့်ပွဲတွင်လည်း သရေကျခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် ထိုပွဲမတိုင်မီက နှစ်ကြိမ်တိုင် ရင်ဆိုင်ခဲ့ကြသော်လည်း သရေပွဲများသာဖြစ်ခဲ့သည်။ သို့ဖြစ်၍ စိန်ခေါ်ပွဲသဘောအရ ရွှေဆိုင်းက ပထမတန်းလက်ရှိချန်ပီယံ ဖြစ်နေသေးသည်ဟု ယူဆနိုင်သည်။ လုံးချောကလည်း ရွှေခါးပတ်ချန်ပီယံဘွဲ့ ၂၀၀၆ ရရှိပြီး ကတည်းက စိန်ခေါ်ပွဲများ အလီလီနွှဲခဲ့သော်လည်း ရှုံးပွဲမရှိခဲ့ဘဲ နိုင်ပွဲ၊ သရေပွဲများဖြင့် ချန်ပီယံဘွဲ့ကို ထိန်းထားသည်။

မြန်မာပြည်ချန်ပီယံလုံးချော (ညောင်တုန်း)။

၂၀၀၅ ခုနှစ် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)။

ယခုပွဲသည် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို စူပါကွေကာ၏ ပထမဆုံးအကြိမ် အဓိက ကူညီပံ့ပိုးမှုဖြင့် လက်ရှိ ပထမတန်း ထိုးသတ်ကြေး အမြင့်ဆုံးပေး၍ အငြင်းပွားဖွယ်မရှိ၊ ပထမတန်းချန်ပီယံဖော်ထုတ်ပွဲကြီးကို စီစဉ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ရွှေဆိုင်းသည် ၂၀၀၄ ခုနှစ်က လက်ရှိ ပထမတန်း ချန်ပီယံ ဝမ်ချိုင်းကို အလဲထိုး အနိုင်ယူ၍ ချန်ပီယံဘွဲ့ ရရှိခဲ့ခြင်းဖြစ်ပြီး လုံးချောက ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲကြီးနှစ်ရပ်တွင် အလွတ်တန်း ချန်ပီယံ ရွှေခါးပတ်ကို ထပ်ဆင့်ရရှိခဲ့သူဖြစ်သည်။ ရွှေဆိုင်း ရရှိထားသော ချန်ပီယံဘွဲ့က စိန်ခေါ်ပွဲ၌ ရရှိခဲ့ခြင်းဖြစ်ပြီး လုံးချောရရှိထားသော ချန်ပီယံဘွဲ့က အမှတ်ပေးပြိုင်ပွဲ၌ ရရှိခဲ့ခြင်းဖြစ်သည်။

ထိုအခါ မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ပြိုင်ပွဲသဘာဝမတူသော ပထမတန်း ချန်ပီယံနှစ်ဦး ရှိနေသည့်သဘောကို ဆောင်သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောကတွင်လည်း ပထမတန်း ချန်ပီယံဆိုသည်မှာ တစ်ဦးတည်းသာ ရှိရပေမည်။ သို့ဖြစ်၍ ယခုစိန်ခေါ်ပွဲကြီးဖြင့် အဖြေထုတ်ပေးရန် စီစဉ်လိုက်ခြင်းဖြစ်သည်။

ရွှေဆိုင်းသည် ယခုပွဲကြီး ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် ၂၀၀၇ ခုနှစ် အောက်တိုဘာလကတည်းက စတင်လေ့ကျင့်ခဲ့ပြီး ဒီဇင်ဘာလ မြိုင်ကြီးငူပွဲတွင် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ) နှင့် အထူး သုံးချီပွဲ၊ ဇန်နဝါရီလတွင် မွန်ပြည်နယ် လမိုင်းမြို့ နှစ်ကရင်ကျေးရွာ၌ ဝယ်လ်တာဝိတ်တန်း ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်

**ဇင်လင်းထွန်း (စနေမြို့)**

(မြန်မာပြည်သား)နှင့် ငါးချီ စိန်ခေါ်ပွဲများနွှဲကာ လက်ရွေးထားခဲ့သောကြောင့် ၎င်း၏ အားအထားရဆုံး ညာဖြောင့်လက်သီး ယခင်လက်ရည် ပြန်ရလောက်ပြီဖြစ်သည်။ လုံးချောနှင့် နောက်ဆုံးအကြိမ် ထိုးသတ်ခဲ့သည့်ပွဲတွင် ထိုညာဖြောင့်လက်သီးဖြင့် လုံးချောကို ပထမအချီ၌ပင်အနားတောင်းစေခဲ့ပြီး တတိယအချီတွင် အမှတ်စဉ်ရေခံရစေခဲ့သည်။

လုံးချောကလည်း ၎င်းတို့နှစ်ဦး ဒုတိယအကြိမ် တွေ့ဆုံခဲ့ကြသော မြိုင်ကြီးငူပွဲတွင် ပစ်ဒူးဖြင့် ရွှေဆိုင်းကို အနားတောင်းစေခဲ့ဖူးသည်။ သို့ဖြစ်၍ ၎င်းတို့နှစ်ဦး ယခု စတုတ္ထအကြိမ် တွေ့ဆုံကာ ချန်ပီယံ အဖြေရှာမည့်ပွဲက စိတ်ဝင်စားဖို့ကောင်းနေသည်။

ရှေ့ထွက်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည့် ၂၀၀၇ ဘင်တန်ဝိတ်တန်း ရွှေခါးပတ် ချန်ပီယံ ထိုင်းဆီးဂိမ်းပြန် စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် ၂၀၀၁ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် အကောင်းဆုံးလက်ဝှေ့သမား ကိုရီးယားပြန် ဒေါ့ဂျစ် (လယ်/ဆည်)တို့ပွဲ ကလည်း သဲသဲမဲမဲရှိမည်မှာ သေချာသည်။ နှစ်ဦးစလုံးက တိုက်စစ်ဦးစားပေး လက်ဝှေ့သမားများ ဖြစ်ကြပြီး အသည်းကောင်း၊ ခွဲကောင်းသူများဖြစ်ကြသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းက မွန်ပြည်နယ် လမိုင်းမြို့နယ် သောင်ပြင်ကျေးရွာတွင် ၎င်းတို့နှစ်ဦးပထမဆုံးအကြိမ် တွေ့ဆုံယှဉ်ပြိုင်ခဲ့ကြရာ ပရိသတ်များ၏ လက်ခုပ်သံနှင့် ဆုတော်ငွေကို သဲ့ယူရင်း သရေပွဲဖြစ်ခဲ့ကြသည်။

အဆိုပါပွဲများ အပါအဝင် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ စောဂပရေမှူး (တွံတေး)နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ ရှုမဝ (ဒေါင်းမြန်မာ)နှင့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ ဝမ်ရှိ (ဧရာဝတီ)၊ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ မိုးသီး (မြန်မာပြည်သား)နှင့် သိန်းညီညီ (အလင်းရောင်)၊ သိန်းစျာန် (ရက္ခဇ္ဈာလ)နှင့် ဂျိုးမတေ(သူရဲကောင်း)၊ စောဇော်လင်း (ရွှေလက်ရာ)နှင့် ဖိုးလုံး (မြန်မာပြည်သား)၊ မိုက်သဲလေး (ဒေါင်းမြန်မာ)နှင့် ဒေါ်န (ရွှေလက်ရာ)၊ ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် ပအိုဝ်းလေး (အလင်းရောင်)၊ အောင်သူရ (ဒေါင်းမြန်မာ)နှင့် ဖိုးခွားလေး (ရွှေလက်ရာ) တို့ပွဲ များလည်း ပါဝင်သည်။

ဝင်ကြေးအဖြစ် ကျပ် ၆၀၀၀၊ ကျပ် ၄၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဇော် ပစ်တိုင်းထောင် ဗီဒီယို အမှတ် (၁၇၄)၊ ၃၅ လမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ဖုန်း- ၃၈၇၆၅၀ နှင့် ၀၉-၅၁-၂၉၂၄၄ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

# မန်ယူနဲ့ ပို့စ်မောက်တို့ဆုံကြမယ့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

**ဝင်းတင်(ကြေးမုံ)**

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များကို မတ် ၈ ရက်နဲ့ ၉ ရက်တို့တွင် ကျင်းပမှာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကို ပရီမီယာလိဂ်က မန်ယူ၊ ချယ်လ်ဆီး၊ ပို့စ်မောက်နဲ့ မစ်ဒယ်ဘရော့တို့လေးသင်းနဲ့ လိဂ်ချန်ပီယံရှစ်က ဘရစ္စတိုး၊ ဝက်စ်ဘရွမ်း၊ ဘန်စလေနဲ့ ကာဒစ်ဖ်တို့ လေးသင်း တက်ရောက်လာခဲ့ပါတယ်။

မန်ယူအနေနဲ့ ဒီနှစ်အက်ဖ်အေဖလား ပြိုင်ပွဲမှာ ပရီမီယာလိဂ်အသင်းများနှင့်သာ တောက်လျှောက်တွေ့ပြီး ခြေစွမ်းပြ အနိုင်ယူကျော်ဖြတ်ကာ ဒီအဆင့်ကို တက်ရောက်လာတာဖြစ်ပါတယ်။ ယခုတွေ့ဆုံရမယ့် အသင်းကလည်း ပရီမီယာလိဂ် အဆင့် (၉)မှာ ရပ်တည်နေတဲ့ ပို့စ်မောက်အသင်းဖြစ်နေတာကြောင့် ပွဲကချောင်တယ်လို့ မဆိုသာပါဘူး။ ဒါပေမယ့် မန်ယူနည်းပြကြီး ဆာအဲလက်ဖာဂူဆန်ကတော့ ၁၉၉၉ ခုနှစ်တုန်းကလို ဖလားသုံးလုံး ရရှိရေး အိပ်မက်ကို မျှော်မှန်းနေတာကြောင့် ဒီပွဲကိုလည်း အသေအချာ ပြင်ဆင်ပြီး ကစားမှာပါ။ လက်ရှိပို့စ်မောက်မှာ ဒီဖိုး၊ ဂျွန်ဆင်၊ ဂရန်ဂျာ၊ ပါမာရေ့နဲ့ ဒီယာရာတို့ ခြေစွမ်းပြနေတာကြောင့် မန်ယူအိမ်ကွင်းဖြစ်ပေမယ့် ပေါ့လို့မရပါဘူး။ မန်ယူဟာ ဒီပွဲကို အနိုင်ကစားမှာပါ။

ဘန်စလေနဲ့ ချယ်လ်ဆီးတို့ပွဲမှာလည်း ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ။ ဘန်စလေဟာ ပဉ္စမအဆင့်မှာ လီဗာပူးလို အသင်းမျိုးကို ကျော်ဖြတ်ပြီး ကွာတားရောက်လာတာကြောင့် ဘန်စလေရဲ့ ခြေစွမ်းကို လျှော့တွက်လို့ မရပါဘူး။ ချန်ပီယံရှစ်မှာ အဆင့် (၁၆) ရောက်နေတယ်ဆိုပေမယ့် ဖော်စတာ၊ ဒီဗာနေးတို့ ရှိနေတာကြောင့် ချယ်လ်ဆီးအနေနဲ့ အသေအချာပြင်ဆင်ပြီး ကစားရမှာပါ။ ချယ်လ်ဆီးနည်းပြ အာဗရန်ဂရန့်အနေနဲ့ ပရီမီယာလိဂ်ဖလားလည်း မသေချာ၊ ကားလင်းဖလားလည်း လက်လွတ်ခဲ့ရတာကြောင့် ဒီပွဲကို လူစုံထုတ်ပြီး အနိုင်ရအောင် ကစားမှာ သေချာပါတယ်။

မစ်ဒယ်ဘရော့နဲ့ ကာဒစ်ဖ်တို့ပွဲမှာ လက်ရှိ ကာဒစ်ဖ်ဟာ ချန်ပီယံရှစ်မှာ အဆင့် (၁၃)ကို ရောက်နေပြီး ခြေစွမ်းလည်း ကျနေပါတယ်။ မစ်ဒယ်ဘရော့က ရှဖီးကို နှစ်ကျော့ ကစားပြီးမှ ဒီအဆင့်ကို တက်လာတာဆိုပေမယ့် ဒေါင်းနင်း၊ မီဒို၊ တွန်ကေးနဲ့ အလီယာဒီရေးတို့လို ကစားသမားကောင်းတွေ ရှိနေတာကြောင့် ကာဒစ်ဖ်လို အသင်းမျိုးကို အိမ်ကွင်းမှာ အနိုင်ယူဖို့ မခက်ပါဘူး။

ဘရစ္စတိုးနဲ့ ဝက်စ်ဘရွမ်းတို့ပွဲမှာ ခြေညီမျှပြီး ကစားသမားစုဖွဲ့မှုမှာ သိပ်မကွာလှပါဘူး။ ဝက်စ်ဘရွမ်းရဲ့ ပီလီ၊ ဘားနတ်၊ ဘတ်နာနဲ့ မောရစ်ဆင်တို့ဟာ ခြေစွမ်းခြေစရှိတဲ့ ကစားသမားများဖြစ်တာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဝက်စ်ဘရွမ်းတို့ သရေလောက်တော့ ကစားနိုင်မှာပါ။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်၏ မတ် ၈ ရက် (ယနေ့) ပွဲစဉ်များတွင် မန်ယူနဲ့ ပို့စ်မောက်၊ ဘန်စလေနဲ့ ချယ်လ်ဆီး၊ မတ် ၉ ရက်တွင် မစ်ဒယ်ဘရော့နဲ့ ကာဒစ်ဖ်၊ ဘရစ္စတိုးနဲ့ ဝက်စ်ဘရွမ်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဒီတစ်ပတ်၌ အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များနှင့်အတူ ပရီမီယာလိဂ် ပွဲစဉ် (၂၉)ကိုလည်း ကျင်းပမှာဖြစ်ပါတယ်။

ပွဲစဉ် (၂၉) ကစားမည့် ပွဲများအနက် ဇယားထိပ်ဆုံးမှ အာဆင်နယ်၊ ချယ်လ်ဆီး၊ အဲဗာတန်နဲ့ လီဗာပူးတို့မှာ နိုင်ပွဲကိုယ်စီရနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။

ပရီမီယာလိဂ် ပွဲစဉ်(၂၉) ယှဉ်ပြိုင် ကစားကြမယ့် အသင်းများမှာ မတ် ၈ ရက် (စနေနေ့)တွင် လီဗာပူးနဲ့ နယူးကာဆယ်၊ ရီးဒင်းနဲ့ မန်စီးတီး၊ ဘလက်ဘန်းနဲ့ ဖူလ်ဟမ်၊ မတ် ၉ ရက် (တနင်္ဂနွေနေ့)တွင်ဆန်းဒါးလန်းနဲ့ အဲဗာတန်၊ စပါးနဲ့ ဝက်စ်ဟမ်း၊ ဝီဂန်နဲ့ အာဆင်နယ်တို့ ကစားကြမှာဖြစ်ပြီး ပို့စ်မောက်နဲ့ ဘာမင်ဂမ်၊ ဗီလာနဲ့ မစ်ဒယ်ဘရော့၊ ချယ်လ်ဆီးနဲ့ ဒါဘီတို့ပွဲများကိုတော့ မတ် ၁၃ ရက် (ကြာသပတေးနေ့) နံနက်တွင် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

# မြန်မာလိဂ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်က ကမ္ဘောဇအသင်းကို နိုင်

**ရန်ကုန် မတ် ၇**

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်က ကမ္ဘောဇကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး စီးပွား/ကူးသန်းနှင့် တပ်မတော်(ကြည်း)တို့ ဂိုးမရှိ သရေကျသွားသည်။

**(သုဝဏ္ဏကွင်း)**

**ဘဏ္ဍာ/အခွန်- တစ်ဂိုး**
**(အောင်ကျော်မိုး)**
**ကမ္ဘောဇ- ဂိုးမရှိ**
**ဒိုင်လူကြီး ဦးဝင်းချို**

ယနေ့ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းမှာ ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ရရှိခဲ့ရာမှ ဒုတိယပိုင်း ၂၃ မိနစ်တွင် အောင်ကျော်မိုး၏ သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ချန်ပီယံဆုအတွက် အရေးကြီးသော ပွဲစဉ်ဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ် ကစားခဲ့ကြပြီး ပရိသတ်အားပေးမှုမှာလည်း များပြားခဲ့သည်။

**သတင်း- စိုးညွန့်(ကြေးမုံ)**

**(အောင်ဆန်းကွင်း)**

**စီးပွား/ကူးသန်း- ဂိုးမရှိ**
**တပ်မတော်(ကြည်း)- ဂိုးမရှိ**

ယနေ့ပွဲအပြီးတွင် ကမ္ဘောဇက ပွဲကုန် ၁၃ ပွဲကစား ၂၉ မှတ်၊ ဘဏ္ဍာ/အခွန် က ၁၂ ပွဲကစား ၂၉ မှတ်ဖြင့် အမှတ်တူဖြစ်နေသော်လည်း ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဇက ပထမနေရာတွင် ဆက်လက်ရပ်တည်နေသည်။ စီးပွား/ကူးသန်းက ၁၂ ပွဲကစား ၂၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ ဘဏ္ဍာ/အခွန်က ကာကွယ်ရေးနှင့်လည်းကောင်း၊ စီးပွား/ကူးသန်းက မြို့တော်စည်ပင်နှင့် လည်းကောင်း ကစားရန် ကျန်သည်။ ဘဏ္ဍာ/အခွန်က လက်ကျန်ပွဲ၌ သရေကျရုံဖြင့် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

**ယနေ့ပွဲ**
**(အောင်ဆန်းကွင်း)**
**ပြည်ထဲရေးနှင့်သစ်တောရေးရာ**

(ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၃-၂၀၀၈ (စနေနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "သမ္မာသမ္ဗုဒ္ဓဂုဏ်တော်"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ) |
| ၈း၀၀-၂း၀၀ | သဘာဝအလှရတနာ သစ်ခွကမ္ဘာ |
| ၈း၁၀-၂း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၃၅-၂း၃၅ | လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာမြင့်မောင်မောင်) |
| ၈း၅၅-၂း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀-၃း၀၀ | အိမ်တွင်းမှုအတတ်ပညာသင်တန်းကျောင်း |
| ၉း၂၀-၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀-၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅-၃း၃၅ | စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း) |
| ၉း၅၀-၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅-၃း၅၅ | သရဖူမဂ္ဂဇင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်ပွဲ |
| ၁၀း၁၅-၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀-၄း၂၀ | **ကုသမနေးတီဘီဘေး ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)** |
| ၁၀း၃၅-၄း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၅-၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀-၄း၅၀ | Yangon Panorama (MYANMAR eBook ၅နှစ်ပြည့်မြောက်အခမ်းအနား) |
| ၁၁း၁၅-၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀-၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅-၅း၂၅ | ဆင်ယင်ရိုးရာတို့မြန်မာ |
| ၁၁း၅၀-၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅-၅း၅၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၂း၁၀-၆း၁၀ | လွင်မိုးခရီးသွားနေသည် (အပိုင်း-၆) |
| ၁၂း၃၅-၆း၃၅ | Celebrity Style (ရေဗက္ကဝင်း) |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Man Utd-Portsmouth | Star Sports (Live) |
| ၁၁း၅၅ | Barnsley-Chelsea | Star Sports (Live) |

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၂၅ | Blackbun-Fulham | ESPN(Live) |
| | Liverpool-Newcastle | Star Sports(Live) |
| ၁၁း၅၅ | Reading-Man City | ESPN(SDD) |

**Series A ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၃၀ | Inter Milan-Reggina | 5-Cartoon(Live) |

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်၍ ဆုများချီးမြှင့်

နေပြည်တော် မတ် ၇

**၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တက်ရောက်၍ ဆုများကိုချီးမြှင့်သည်။**

## တက်ရောက်

ဆုချီးမြှင့်ပွဲသို့ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

## သစ္စာလေးချက်ရွတ်ဆို

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင် အသင်းများသည် စုရပ်မှ စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြကာ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ စစ်တီးဝိုင်းဆု တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ် ၁၀ သိန်းနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ် ၁၅ သိန်းနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ် သိန်း ၂၀ နှင့် ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**(၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ၌ စစ်တီးဝိုင်းဆု ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို ဒိုင်းဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို ရှေးရှုသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ

ပွဲ့စည်းပုံအခြေခံဥပဒေပါ အရွေးချယ်ခံပုဂ္ဂိုလ်များ၏ အရည်အချင်း စည်းကမ်းပြဋ္ဌာန်းချက်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါ။ နိုင်ငံတော်အား ကျွန်ဘဝပြန်လည်မရောက်ရေး၊ နယ်ချဲ့ကြိုးဆွဲရာ ကမည့် ရုပ်သေးအစိုးရ မပေါ်ပေါက်နိုင်ရေး၊ နယ်ချဲ့နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု လုံးဝကင်းစင်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အမြော်အမြင်ကြီးစွာ ထည့်သွင်းထားသော ပြဋ္ဌာန်းချက်သာလျှင် ဖြစ်ပါသည်။

ရဲဘော်တင်ရွှေ၏ "ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို ရှေးရှုသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ" (ဆောင်းပါး) စာမျက်နှာ-၆